မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရာဇူဒိုင်တံတားအမှတ်(၂) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့ကို လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရန် တံတားကြီးနှစ်စင်းဆောက်လုပ်ခဲ့

ယနေ့ ပထမအဆင့် ရာဇူဒိုင်(၂)တံတားကို အောင်မြင်စွာတည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်

တံတားများပြီးစီးသွားပါက ဧရာဝတီတိုင်းအတွင်း ကုန်းလမ်းခရီးမှ လွယ်ကူစွာဆက်သွယ်သွားလာနိုင် ဒေသထွက်ကုန်များ မြန်မာပြည်အနှံ့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်လာတော့မည်

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် စနာရီခွဲတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၂)အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ရာဇူဒိုင်တံတား အမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ စာမျက်နှာ ၆ ကော်လံ ၁ ❍

ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ အထက် ၄၈ စင်းမြောက် ရာဇူဒိုင်တံတား အမှတ်(၂)ကို တွေ့ရစဉ်။ (သတင်းစဉ်)

10-1 (01).pmd 1 1/10/2010, 2:05 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ ရက်)

ဆေးဝါးကျွမ်းကျင်မှုနှင့် သူနာပြု ပညာရပ်များ ကမ္ဘာ့အဆင့်မီ အပတ်တကုတ်လေ့လာဆည်းပူး

ယနေ့ကမ္ဘာပေါ်တွင် သိပ္ပံနှင့် နည်းပညာတစ်ဟုန်ထိုး တိုးတက်နေသည်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည်လည်း စမ်းသပ်တွေ့ရှိချက်အသစ်များအတူ နေ့စဉ်နှင့်အမျှ ပေါ်ထွန်းလျက်ရှိသည်။

ဆေးဝါးကျွမ်းကျင်မှုနှင့် သူနာပြုပညာရပ်များသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အရေးပါသော အတတ်ပညာများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ဆေးဝါးတက္ကသိုလ်များဖွင့်လှစ်၍ ဆေးဝါးကျွမ်းကျင်သူ မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးလျက်ရှိသကဲ့သို့ သူနာပြုတက္ကသိုလ်များဖွင့်လှစ်၍ ထူးချွန်သောသူနာပြုများကို မွေးထုတ်ပေးလျက်ရှိသည်။

ထို့အတူ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနှင့် ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ ၇ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။

တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရန်အတွက် ဆေးပညာကဏ္ဍသည် အရေးပါသကဲ့သို့ ထူးချွန်သောသူနာပြုနှင့် ဆေးဝါးကျွမ်းကျင်သူများ ပေါ်ထွန်းရန်လည်း လိုအပ်သည်။

တပ်မတော်သူနာပြုတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

တပ်မတော်ဆေးစစ်သည်များသည် မျိုးချစ်တပ်မတော်သားများဖြစ်သည်နှင့်အညီ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နေသည့် တပ်များနှင့်လိုက်ပါ၍ ဒေသအသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရာတွင် တပ်မတော်သားများကိုသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးကိုပါ ဂရုတစိုက် စောင့်ရှောက်လျက်ရှိသည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေးအတွက် လက်ရုံးရည်ပြည့်စုံရန် လိုအပ်သကဲ့သို့ နှလုံးရည်လည်း ပြည့်ဝကြရမည်ဖြစ်ရာ တပ်မတော် ဆေးစစ်သည်များသည် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးကို စေတနာထားစောင့်ရှောက်လျက် ရောဂါရှာဖွေရေး၊ ဆေးဝါးကျွမ်းကျင်မှုနှင့် သူနာပြုပညာရပ်များတွင် ကမ္ဘာ့အဆင့်မီ အပတ်တကုတ် လေ့လာဆည်းပူးသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၉

မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက မန္တလေးတက္ကသိုလ် မွေ့ရာရုံ၌ကျင်းပရာ ရှေးဦးစွာ ကွယ်လွန်သူ ဆရာ ဆရာမကြီးများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အောက်မေ့ ရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြပြီး ပါမောက္ခချုပ်(ငြိမ်း) ဦးကြီးမြင့်က ရူပဗေဒ တပည့်ဟောင်းများအား ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ဂုဏ်ပြုမိတ်ဆက်ပေး၍ မန္တလေးတက္ကသိုလ် ရူပဗေဒသုတေသန ထူးချွန်ဆု ငွေပဒေသာပင် ကျပ်သိန်း ၁၀၀ စိုက်ထူ လှူဒါန်းသူ ဒေါက်တာချစ်ဆွေ-ဒေါ်တင်မေဝင်းတို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က အမှာစကားပြောကြားပြီး အသက် ၆၀နှင့် အထက် ဆရာ ဆရာမကြီးများအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ ကြရာ ကန်တော့ခံ ဆရာ ဆရာမကြီးများက ဆုံးမစကားနှင့် ဆုပေးစကားများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)** ဆက်လက်၍ အာစရိယပူဇော်ပွဲ အထိမ်းအမှတ်ညစာစားပွဲနှင့် တေးဆိုပျော်ပွဲများကို ညနေ ၆ နာရီတွင် အိုရီယမ်တယ်ခန်းမ၌ ကျင်းပသည်။ (ဇဗ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်း အခြေခံသင်တန်း ဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလွှာမှ ကြီးမှူးကျင်းပမည့် ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်း အခြေခံများကို စာရေးဆရာ ဆရာမများဖြစ်ကြသည့် လယ်တွင်းသားစောချစ်၊ မနုသကျော်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ သုရဇော်၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ညွန့်ဟန်(ကြူတော)၊ မောင်ကျေးစူး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ကြူကြူသင်း၊ မစန္ဒာ၊ ချိုမြနွယ်နှင့် မနှင်းဖွေးတို့က ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၂၇ရက်အထိ တစ်လတာ အပတ်စဉ် အင်္ဂါနေ့မှ စနေနေ့အထိ မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်သည်။

__တင်သွင်းနိုင်__

သင်တန်းတက်ရောက်လိုသူများသည် အသက် ၁၆နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်ပြီး သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကာ သင်တန်းကြေးငွေကျပ် ၁၀၀၀၀ကို ပေးသွင်းရမည်ဖြစ်သည်။ သိလိုသည်များကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ တို့တွင် စုံစမ်း၍ ဇန်နဝါရီ ၁၃ရက်မှ ၂၄ရက်အထိ နောက်ဆုံးထား၍ ဓာတ်ပုံနှစ်ပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

မော်လမြိုင်ကျွန်းမြို့နယ်အသင်း သက်ကြီးပူဇော်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၉

မော်လမြိုင်ကျွန်းမြို့နယ်အသင်းမှ ကြီးမှူးကျင်းပသော အဋ္ဌမအကြိမ်မြောက် မော်လမြိုင်ကျွန်းဌာနေအသင်းဝင် သက်ကြီးများအား ပူဇော်ကန်တော့ပွဲ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲနှင့် ရန်ကုန်အသင်းသူ အသင်းသားများနှင့် မော်လမြိုင်ကျွန်းဌာနေ အသင်းသူ အသင်းသားများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၂ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

__ဆုချီးမြှင့်__

အခမ်းအနားတွင် မော်လမြိုင်ကျွန်းဌာနေအသင်းဝင် သက်ကြီး ၂၁ဦးတို့အား ပူဇော်ကန်တော့ကြပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ကျောင်းအလိုက်၊ ဘာသာတွဲအလိုက် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ကြသူ ၁၀ဦးနှင့် တက္ကသိုလ်ဝင်တန်းအောင် ၁၁ဦးတို့အား မြို့နယ်အတွင်းရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးတင်မင်းနှင့် မော်လမြိုင်ကျွန်းမြို့နယ် အသင်းဌာနေဥက္ကဋ္ဌ ဦးစိန်လုံးတို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။ (၁၄၂)

ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းဘေးဝဲယာ မြေယာရှခင်းအလှ ဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မြို့တာဝန်ခံ ဦးဉာဏ်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၁၀ (တနင်္ဂနွေနေ့)

__နံနက်ပိုင်း__

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

__နေ့လယ်ပိုင်း__

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း ၁၄)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** အပိုင်း(၅၈)
၁၄:၅၅ ၈။ အပိတ်နှုတ်ဆက်စကား

__ညပိုင်း__

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၀။ လှျပ်တစ်ပြက်
၆:၃၀ ၁၁။ ဘဝကြေးမုံ
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** အပိုင်း(၃၈)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ကျန်းမာသုတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** အပိုင်း (၂၀)
၂၂။ သင့်အတွက် မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပန်းတင်-အုံအား ကျေးလက် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မန္တလေးမြို့တွင်းနှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းက မန္တလေးမြို့ ကမ်းနားလမ်း လမ်းမြေသားတာပေါင်အမာခံစမ်းသပ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေသန့်အဆောက်အအုံနှင့် ရေတွန်းစက်ရုံအမှတ်(၈)တည်ဆောက်ရန် ရွေးချယ်ထားသည့် အောင်မြေသာစံမြို့နယ်ရှိ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် View Point မှ ဧရာဝတီမြစ်အတွင်း ၂၂လမ်း၏ မြောက်ဘက်သို့ စီးဆင်းသည့် မြစ်ကြောင်းလမ်းအား ရေယူမည့်နေရာအထိတိုးချဲ့ခြင်း၊ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ချမ်းအေးသာစံမြို့နယ်အတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မဟာအောင်မြေမြို့နယ်အတွင်း ကွန်ကရစ် စက်ဘီးလမ်းခင်းနေမှုနှင့် ပလက်ဖောင်းခင်းနေမှု၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ ကိုလံဘိုမြောင်း ဆယ်ယူနေမှု၊ လမ်းတိုးချဲ့နေမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းမြို့ မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းရှိ သီရိမင်္ဂလာခုံးကျော်တံတား ချဉ်းကပ်လမ်းတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးကာ စစ်ကိုင်းမြို့ ကမ်းနားလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

မဟာဓာတ်အားလိုင်း

ယင်းနောက် ကောင်းမှုတော်ဖြတ်လမ်း၌ ကျောက်ချောလမ်းခင်းနေမှုနှင့် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စစ်ကိုင်းဘက်ကမ်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းမြို့နယ် ရွှေဘို-မုံရွာ-မန္တလေးကားလမ်းနံဘေးရှိ ကျောက်ဆည်ကျေးရာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ မြင်းမူမြို့နယ် အလ္လကပ္ပ ကျေးရွာအုပ်စုရှိ ငွေချည် (၆)ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် မုံရွာဂျုံဖြူစိုက်ခင်း တို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအုပ်စု ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

IBTC OPEN GOLF Championship (တောင်ကြီး) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd. မှအဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010)၏ ဆဋ္ဌမပွဲစဉ်အဖြစ် IBTC OPEN GOLF Championship (တောင်ကြီး) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ Ayetharyar Golf Resort ၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အမှုဆောင်ဦးချမ်းဟန်၊ Myanmar PGA ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလေးနှင့် International Beverages Trading Co.,Ltd. Executive Director ဦးတင့်ဦး**(အောက်ပုံ)**တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေး ကြပြီးနောက် ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲ ကို စတင်ကျင်းပသည်။

ဦးဆောင်ကစားလျက်ရှိ

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ သိန်းဇော်မြင့် (KM Golf Center) က ရိုက်ချက် ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး သန်းနိုင်နှင့် ယဉ်အောင်လတ် (Srixon) တို့က ရိုက်ချက် ၇၂ချက်စီဖြင့် ဒုတိယလိုက် နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ရဲရန်အောင်က ရိုက်ချက် ၇၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး စိုးမိုးဝင်းက ရိုက်ချက် ၇၄ချက်ဖြင့် ဒုတိယ၊ အေးမင်းက ရိုက်ချက် ၇၅ချက်ဖြင့် တတိယလိုက်နေကြသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ ကျင်းပရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ဇန်နဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပရေး အတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းကူညီ

ရှေးဦးစွာ သဘာပတိ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲဖြစ်သည့် အလျောက် အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ရေးအတွက် ဌာနဆိုင်ရာကိုယ်စားလှယ်များက မိမိတို့ တာဝန်ပိုင်းဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆောင်ရွက်ထားမှု

ထို့နောက် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲအတွက် လုပ်ဆောင်ပေးရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာပတိက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား၍ နိဂုံးချုပ်စကား ပြောကြားသည်။

ကျင်းပမည်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ (၁၂၊ ၁၄၊ ၁၆ နှင့် ၁၈) ရက်များ၌ နေ့စဉ် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂)၌ ကြိုးဖုန်းများ ကြိုးမဲ့ပြောဆိုနိုင်မည့်စနစ် FISCA က စမ်းသပ်အောင်မြင်၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံများသို့ တိုက်ရိုက်လေကြောင်းလိုင်းများပျံသန်းရန် အဲပုဂံစီစဉ်၊ ခါးရိုးကောက်ခွဲစိတ်ခြင်း အခမဲ့ကုသပေးမည်၊ ကိုရီးယားရေသန့်များ မြန်မာ့ဈေးကွက်အတွင်း သွင်းမည်၊ ကားလေလံဈေးကွက် နေပြည်တော်ထက် ကျိုင်းတုံကို ပိုစိတ်ဝင်စား စသည့် ပြည်တွင်း ရေးရာသတင်းများနှင့်အတူ ကိုကို(စက်မှုတက္ကသိုလ်)၏ မြန်မာ့ခရီးသွားလုပ်ငန်း တစ်ခေတ်ဆန်းချိန်တန် သတင်းတစ်ကြောင်း အတွေးထောင်သောင်းကဏ္ဍ၊ ဆရာ မောင်ဝံသ၏ မဲပေးရမှာမကြောက်နဲ့ ကျွန်ုပ်တို့၏ ရန်ကုန်ကဏ္ဍ၊ ကျောက်ဖြူမြို့ ကျောက်တစ်လုံးဘုရားမှ ရှေးခေတ်ကျောက်ခေတ်လက်ရာများ၊ Myanmar Discovery၊ အချစ်ရင်ခုန်သံတွေခေတ်ကိုလိုက်ပြီး ပြောင်းလဲနေပြီလား၊ တကယ်တော့လည်း ဆွေမျိုးတွေပါပဲ၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်းကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အီးယူဟာ ငွေကြေးအားဖြင့် တစ်မျိုးတစ်စားတည်းဖြစ်ပေမယ့် တစ်လေသံတည်းတော့ ရှိမနေခဲ့ဘူး၊ အီတလီနိုင်ငံဝန်ကြီးချုပ်ဟောင်း ဒေါက်တာရိုမန်နိုပရိုဒီနှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ၂၀၀၉ခုနှစ်၏ အဆိုးရွားဆုံးငွေကြေးအရှုပ်တော်ပုံ ၁၀၊ အာဖဂန်နစ္စတန်အပေါ် ချမှတ်ဆောင်ရွက်နေသော အမေရိကန်၏ မဟာဗျူဟာမှာ တစ်ဖက်စောင်းနင်းဖြစ်၊ အီရန်က ကာဇက်စတန်မှ ယူရေနီယံတင်သွင်းမည့်အကြောင်းကို သိနေသည်ဆိုခြင်းအပေါ် ရုရှားငြင်းဆို၊ အသက် ၈နှစ်အရွယ် မြေး ၆၀တို့၏ အဘိုးမူလတန်းစာသင်ယူနေ၊ အာဖဂန်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် စီအိုင်အေသူလျှိုရှစ်ဦး အသက်ဆုံးရှုံး၊ တရုတ်နိုင်ငံ၏ ပဋ္ဌမမျိုးဆက်ခေါင်းဆောင်များနှင့် ပတ်သက်၍ သုံးသပ်ဖော်ပြ၊ ၂၀၂၀ အလုပ်အကိုင်နေရာသစ် သန်းနှင့်ချီ၍ ဖန်တီးနိုင်ရန် ဂျပန်အစိုးရရည်မှန်း၊ နည်းပညာမူပိုင်ခွင့်ချိုးဖောက်မှုနှင့်ပတ်သက်၍ Nokia နှင့် Apple အပြန်အလှန် တရားစွဲ၊ ဖင်လန်ကုန်တိုက်တစ်ခုတွင် လူလေးဦးသတ်ခဲ့သော သေနတ်သမားကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့၊ မာဂရက်သက်ချာ၏ စရိုက်လက္ခဏာများနှင့် ပတ်သက်သည့် လျှို့ဝှက်ဖိုင် နှစ် ၃၀ ကြာပြီးနောက် လူသိရှင်ကြားထွက်ပေါ်လာ၊ လမ်းပေါ်တွင် ငွေစက္ကူများပစ်ချ၍ ရိုက်စားခွင့်ဖန်၊ တိုက်ဂါးဝုဒ်က အိန္ဒိယမယ်ကမ္ဘာဟောင်းနှင့်လည်း ချစ်ကြိုးသွယ်ခဲ့ စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

တက္ကသိုလ်များသမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဦးညာဏ်ဝင်း (၁၉၆၇) ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် (၁၉၆၉) ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် (၁၉၇၀) ဖုန်း-၅၇၉၈၃၈၊ ဦးမျိုးမြင့် (၁၉၇၀) ဖုန်း-၇၂၁၅၂၂၊ ဦးဝင်းကြွယ် (၁၉၇၄) ဖုန်း-၀၉-၅၁-၆၆၁၆၄၊ ဦးအောင်ကျော်မင်း (၁၉၇၈) ဖုန်း-၀၉-၅၀-၂၀၁၆၃၊ ဒေါ်ခင်သိန်းဝင်း (၁၉၇၉) ဖုန်း-၅၁၂၂၈၆၊ ဒေါ်စိန်ကျင်(၁၉၇၉) ဖုန်း-၂၉၂၁၆၄၊ ဒေါက်တာခင်စောနွဲ့(၁၉၈၂) ဖုန်း-၅၅၆၂၁၇၊ ဒေါက်တာစန္ဒာနိုင်(၁၉၈၆) ဖုန်း-၀၉-၅၁-၂၆၄၅၂၊ ဦးမျိုးလွင်(၁၉၉၅) ဖုန်း-၀၉-၅၁-၀၃၃၅၅၊ ဦးကျော်ထွန်း(၁၉၉၅) ဖုန်း-၀၉-၅၁-၆၁၂၂၀၊ ဦးကိုကိုနိုင် (၁၉၉၅) ဖုန်း-၀၉-၅၀၁၉၄၈၈၊ ဒေါက်တာစုစုနိုင်(၁၉၉၅) ဖုန်း-၀၉- ၅၁၉၃၀၀၂၊ ဦးလင်းမြင့်(၁၉၉၅) ဖုန်း-၀၉-၅၀-၀၃၅၀၄နှင့် ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အောက်ပိုင်းဒေသများ၌ ညအပူချိန်အနည်းငယ်ပိုလာ

နေပြည်တော် ဇန်နဝါရီ ၉

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ဒသမ ၅၅လက်မနှင့် ကိုကိုးကျွန်းတွင် ၀ဒသမ ၂၀လက်မတို့ ဖြစ်သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

__ယနေ့ညနေအထိ ခန့်မှန်းချက်မှာ__ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ပိုနေမည်။

__နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကင်ညာရေဘေးဒုက္ခသည်များအား ကုလသမဂ္ဂထောက်ပံ့

ဂျီနီဗာ ဇန်နဝါရီ ၉

ကင်ညာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့်အနောက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလွှမ်းမိုးမှုဒဏ်ခံရသူ ၃၀၀၀၀အတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ကုလသမဂ္ဂက ထောက်ပံ့ကူညီခဲ့ကြောင်း ဇန်နဝါရီ ၇ရက်၌ ကုလသမဂ္ဂရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

ပျက်စီးဆုံးရှုံး

ရေလွှမ်းမိုးမှုကြောင့် လမ်းများ၊ တံတားများ၊ ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်အခြားသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

စပိန်-အယ်လ်ဂျီးရီးယား နှစ်နိုင်ငံအကျိုးတူပူးပေါင်းရေး ဆွေးနွေး

မက်ဒရစ် ဇန်နဝါရီ ၉

စပိန်ဝန်ကြီးချုပ် ဇာပါတီရိုနှင့် အယ်လ်ဂျီးရီးယားသမ္မတ ဘူတီဖလီကာတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို ဇန်နဝါရီ ၇ရက်က တွေ့ဆုံဆွေးနွေးကြသည်။ ၂၀၀၂ခုနှစ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးကတည်းက ဤအကြိမ်သည် လေးကြိမ်မြောက် အဆင့်မြင့်ပုဂ္ဂိုလ်များ တွေ့ဆုံခြင်းဖြစ်သည်။

ဘရာဇီးကျောင်းသားများ လက်တော့ပ်တစ်လုံးစီသုံးနိုင်ရေးဆောင်ရွက်

ဘရာဆီးလီးယား ဇန်နဝါရီ ၉

ဘရာဇီးနိုင်ငံ၌ ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကွန်ပျူတာလက်တော့ပ် တစ်လုံးစီ အသုံးပြုနိုင်ရေးစီမံကိန်းအရ ကျောင်းပေါင်း ၃၀၀တွင် ကွန်ပျူတာလက်တော့ပ် အလုံးပေါင်း ၁၅၀၀၀၀ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ရက်၌ ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါစီမံကိန်းတွင် နိုင်ငံတော်က အမေရိကန် ဒေါ်လာ ၄၇ဒသမ၆ဘီလီယံ အကုန်အကျခံကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယ၌ ဆီးနှင်းများကျဆင်း၊ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

နယူးဒေလီ ဇန်နဝါရီ ၉

အိန္ဒိယနိုင်ငံ၌ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ဆက်လက်ကျဆင်းလျက်ရှိနေသဖြင့် ဇန်နဝါရီ ၈ရက်က ၎င်းနိုင်ငံ၏ပြည်တွင်းလေကြောင်းခရီးစဉ် ၄၀နှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ် ၁၅ခုကို ဖျက်သိမ်းလိုက်ပြီး၊ ရထားခရီးစဉ် ၅၀ကို ရွှေ့ဆိုင်းလိုက်ရကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ သဲတွင်းပြိုကျမှုဖြစ်ပွား၊ သုံးဦးသေဆုံး

ဂျကာတာ ဇန်နဝါရီ ၉

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ ဇန်နဝါရီ ၈ရက်က သဲတွင်းပြိုကျသဖြင့် အလုပ်သမားသုံးဦး သေဆုံးကြောင်း၊ ယင်းဒေသသည် သဲတွင်းတူးဖော်မှု ကန့်သတ်ထားမြစ်ထားရာနေရာဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် တားဆီးရေးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ဂျာမနီ၌ အအေးလွန်ကဲမှုကြောင့် ၁၀ဦးသေဆုံး

ဘာလင် ဇန်နဝါရီ ၉

ယခုဆောင်းရာသီတွင် ဂျာမနီနိုင်ငံ၌ အအေးလွန်ပြီး အိုးမဲ့အိမ်မဲ့ ၁၀ဦး သေဆုံးသွားခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၉ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

သေဆုံးသူများအားလုံးမှာ အသက် ၄၂နှစ်နှင့် ၆၂နှစ်အတွင်းရှိ အမျိုးသားများဖြစ်ပြီး အချို့မှာ လမ်းပေါ်တွင် သေဆုံးကြရခြင်းဖြစ်သည်ဟု ၎င်းသတင်းက ဖော်ပြသည်။ သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် မော်တော်ကားပြပွဲမှ ကားအချို့ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် အလုပ်လက်မဲ့နှုန်း မှန်းဆသည်ထက် ပိုမိုနေ

ဝါရှင်တန် ဇန်နဝါရီ ၉

အမေရိကန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှ ယခင်နှစ်ကုန် ဒီဇင်ဘာလအတွင်း၌ ၎င်းနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် မျှော်မှန်းထားသည်ထက် ပိုမိုခဲ့ပြီး ၁၀ရာခိုင်နှုန်း တိုးမြင့်ရောက်ရှိနေကြောင်း ဇန်နဝါရီ ၈ ရက်တွင် အမေရိကန်နိုင်ငံအလုပ်သမား ရေးရာဌာနက သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ယခင်နှစ်ကုန်ပိုင်းတွင် အမေရိကန်၏ အလုပ်လက်မဲ့ဦးရေမှာ ၈၅၀၀၀ခန့်ရှိပြီး ၂၀၀၉ခုနှစ် အောက်တိုဘာလ၌ အလုပ်လက်မဲ့နှုန်း ၁၇ဒသမ ၂ရာခိုင်နှုန်းမှ ဒီဇင်ဘာလတွင် ၁၇ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း အလုပ်သမားရေးရာဌာနက သတင်းထုတ်ပြန်သည်။

ဖော်ပြ

၂၀၁၀ ခုနှစ်အတွင်း ၎င်းနိုင်ငံ၏ စီးပွားရေးကဏ္ဍ ပိုမိုဆိုးရွားလာနိုင်ဖွယ်မရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အီရန်နျူကလီးယားအစီအစဉ် ဘာရိန်းလွှတ်တော်ဥက္ကဋ္ဌ ထောက်ခံအားပေး

ဘာရိန်း ဇန်နဝါရီ ၉

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာ အသုံးပြုနိုင်မည့် အခွင့်အရေးရှိကြောင်း ဘာရိန်းလွှတ်တော်ဥက္ကဋ္ဌ ခါလီဖာအာမက် ဇာရာနီက ထောက်ခံအားပေး ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

နျူကလီးယား မပြန့်ပွားရေး စာချုပ် (အင်န်ပီတီ)လက်မှတ်ရေးထိုးသည့် နိုင်ငံများအနေဖြင့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုခွင့်ရှိသည်ဟု အီရန်လွှတ်တော်ဥက္ကဋ္ဌ လာရီဂျနီနှင့်တီဟီရန်မြို့၌ တွေ့ဆုံဆွေးနွေးစဉ် ဇာရာနီက ထောက်ခံအားပေး ပြောကြားသည်။

အန္တရာယ်မပေးနိုင်

အီရန်နှင့်ဘာရိန်းနိုင်ငံတို့၏ ဆက်ဆံရေးအခြေအနေသည် ရင်းနှီးမှုရှိပြီး မည်သူမျှ အနှောင့်အယှက်မပေးနိုင်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

ကရာချိမြို့၌ ပေါက်ကွဲမှုဖြစ်ပွား၍ ခြောက်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၉

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဇန်နဝါရီ ၈ရက်က နေအိမ်တစ်လုံးအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ အကြမ်းဖက်သမားဟု သံသယရှိသူ ခြောက်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

ကရာချိမြို့ ဘာလ်ဒီယာဒေသရှိ နေအိမ်တစ်အိမ်အတွင်း၌ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများမှာ စီးပွားရေးရပ်ကွက်တစ်ခုသို့ ဗုံးထောင်ရန်အတွက် ဖောက်ခွဲရေးပစ္စည်းများသိမ်းဆည်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ပွားရာနေရာ၌ လက်ပစ်ဗုံးနှစ်လုံး၊ အသေခံဖောက်ခွဲရေး ဝတ်စုံတစ်စုံနှင့် သေနတ်တစ်လက်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။

ဒဏ်ရာရရှိ

ဗုံးပေါက်ကွဲမှုကြောင့် အနီးအနားရှိ နေအိမ်များလည်း ပျက်စီးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့ရှိ ပိုလာပင်ဂွင်ငှက်ပြတိုက်၌ (၂၇)နှစ်မြောက် ပင်ဂွင်ငှက်မွေးနေ့ပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တူရကီရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အင်ကာရာ ဇန်နဝါရီ ၉

တူရကီနိုင်ငံ အရှေ့ပိုင်း၌ စစ်ဆင်ရေးနှစ်ရပ် ပြုလုပ်ရာတွင် တူရကီရဲတပ်ဖွဲ့က ဘိန်းဖြူ ၁၈၀ ကီလိုဂရမ်နှင့်ဆေးခြောက် ၈၅ကီလိုဂရမ် သိမ်းဆည်းရမိလိုက်ကြောင်း တူရကီအစိုးရ အာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ဇန်နဝါရီ ၇ ရက်၌ ဖော်ပြသည်။

အဆိုပါစစ်ဆင်ရေးတွင် နှစ်ဦးကို ဖမ်းဆီးလိုက်နိုင်သည်ဟုလည်း ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

ရုရှားနှင့်ဂျော်ဂျီယာ လေယာဉ်ပျံသန်းမှု စတင်

မော်စကို ဇန်နဝါရီ ၉

၂၀၀၈ ခုနှစ် ဩဂုတ်လက အိမ်နီးချင်း ရုရှားနိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံတို့အကြား စစ်ဖြစ်ပြီးနောက် ပထမဆုံးခရီးစဉ်ပျံသန်းမှုအဖြစ် ဂျော်ဂျီယာလေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်တစ်စင်းသည် တက်ဘလီစီမြို့မှ မော်စကိုမြို့သို့ ဇန်နဝါရီ ၈ရက်က ထွက်ခွာသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖျက်သိမ်း

ဂျော်ဂျီယာနိုင်ငံမှ ရုရှားနိုင်ငံသို့ ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အတွင်း စင်းလုံးငှားလေယာဉ်ငါးစင်း ပျံသန်းရန် ကနဦးက စီစဉ်ထားခဲ့သော်လည်း လေယာဉ်ခရီးစဉ်နှစ်ခုကို ဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။ (အင်တာနက်)

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးလေယာဉ်များ တိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၉

အစ္စရေး လေယာဉ်များသည် အစ္စလာမ္မစ် ဟားမတ်စ်လှုပ်ရှားမှုအဖွဲ့ လေ့ကျင့်သင်တန်းပေးနေသည့် ဂါဇာကမ်းမြောင်ဒေသကို ပစ်မှတ်ထားလျက် ဇန်နဝါရီ ၈ ရက် စောစောပိုင်းက အကြိမ်ကြိမ်သွားရောက်တိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးသတင်းတပ်ဖွဲ့ဝင်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။

ပစ်မှတ်ထား

အစ္စရေးတပ်က ညသန်းခေါင်အချိန်မှစတင်၍ လေကြောင်းတိုက်ခိုက်မှု လေးကြိမ် ပြုလုပ်ခဲ့ကြောင်း၊ သေကျေပျက်စီးမှု တစ်စုံတစ်ရာ မသိရှိခဲ့ကြောင်း၊ အစ္စရေးနိုင်ငံအတွင်းသို့ တိုက်ခိုက်မည့် ဒုံးကျည်ထုတ်လုပ်ရန်နှင့် သိုလှောင်ရန် ပါလက်စတိုင်းစစ်သွေးကြွများ အသုံးပြုသည့်နေရာများကို အစ္စရေးလေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ပြောကြား

ပထမဆုံးလေကြောင်းတိုက်ခိုက်မှုတွင် အဆောက်အအုံအချို့ကို ထိမှန်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အခြားတိုက်ခိုက်မှုအဖြစ် ဂါဇာကမ်းမြောင် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့ကို ပစ်ခတ်ခဲ့ကြောင်း ပြောကြားသည်။

ပြုလုပ်

ပါလက်စတိုင်းတို့က ဒုံးကျည်များ အသုံးပြု၍ အစ္စရေးကိုတိုက်ခိုက်နေသမျှ ကာလပတ်လုံး အစ္စရေးတို့က ၎င်းတို့အား စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ် အာဗီချိုင်းအာဒရီးက ပြောကြားသည်။

ဒဏ်ရာရရှိ

သို့ရာတွင် နောက်ဆက်တွဲသတင်းအရ ပါလက်စတိုင်းတစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိသည်ဟု ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်၌ အချိန်ကြာမြင့်စွာနေကြတ်မည် အာဖရိကအလယ်ပိုင်း၊ အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့အာရှမှမြင်တွေ့နိုင်

အာကာသသိပ္ပံ



မနီလာ ဇန်နဝါရီ ၉

ဖိလစ်ပိုင်နိုင်ငံ ဒေသအချို့မှ နေကိုလက တစ်ဝက်ဖုံးသည့် တစ်စိတ်တစ်ဒေသ နေကြတ်မှုကို ဇန်နဝါရီ ၁၅ရက်တွင် တွေ့နိုင်ကြောင်း ဖိလစ်ပိုင်ကမ္ဘာ့လေထု၊ ဘူမိရူပနှင့်နက္ခတ္တ ဗေဒဆိုင်ရာ အဖွဲ့အစည်းများအုပ်ချုပ်ရေးအဖွဲ့ (ပီအေဂျီအေ အက်စ်အေ)က ဇန်နဝါရီ ၅ရက်တွင် ကြေညာသည်။

ကြေညာ

မြို့တော်မနီလာတွင် နေထိုင်သူများအနေဖြင့် ၃၉ဒသမ ၁ရာခိုင်နှုန်းနေကြတ်ခြင်းကို တွေ့မြင်နိုင်ကြောင်း ပီအေဂျီအေအက်စ်အေက ကြေညာသည်။ မြို့တော်မနီလာတွင် ထိုနေ့ ညနေ ၃နာရီ ၄၉မိနစ်တွင် စတင်နေကြတ်မည် ဖြစ်သည်။ အမြင့်ဆုံးနေကြတ်မှုမှာ ညနေ ၄နာရီ ၅၃မိနစ်မှ ၅နာရီ ၅၁မိနစ်အထိ ကြာမည်။

ကာလာရန်ကျွန်းတွင် ၅၀ဒသမ၆ရာခိုင်နှုန်း နေကြတ်မှုကိုတွေ့မြင်ရမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် နေကြတ်မှုရာခိုင်နှုန်း အများဆုံးတွေ့ရသည့်ဒေသ ဖြစ်သည်။ လောင်အက်မြို့၌ ၄၈ဒသမ၈ရာခိုင်နှုန်းနေကြတ်ခြင်းကိုတွေ့မြင်ပြီး ဂျင်နရယ်ဆန်းတော့စ်တီးမှာ ၁၂ဒသမ၆ရာခိုင်နှုန်းသာမြင်ရကာ ဖိလစ်ပိုင်နိုင်ငံသည် အနိမ့်ဆုံးသောနေကြတ်မှုကို မြင်တွေ့နိုင်သည့်နေရာဖြစ်သည်။

မြင်တွေ့ရမည်

နေကြတ်ချိန်တွင် ကမ္ဘာတစ်ဝန်းမှ နေအရစ်ကြတ်ခြင်း (annular eclipse) ဟူ၍ခေါ်သည့် နေတစ်စိတ်တစ်ဒေသ ကြတ်ခြင်းကို မြင်ရမည်ဖြစ်သည်။ အဓိပ္ပာယ်မှာ လုံးဝနေကြတ်ခြင်းမျိုးကဲ့သို့ နေတစ်ခုလုံးအား လကဖုံးအုပ်ကာကွယ်မထားနိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုအခါ ကမ္ဘာပေါ်မှလှမ်းကြည့်လျှင် နေကို လပတ်ပတ်လည်မှ တောက်ပသောကွင်းကလေးတစ်ခုအလား မြင်တွေ့ရမည် ဖြစ်သည်။

ကာဆီးထား

နေကြတ်သည်ဆိုခြင်းမှာ နေကိုဗဟိုပြုနေသည့် နေစကြဝဠာအတွင်း ဂြိုဟ်ကြီးများနှင့် အရံဂြိုဟ်များ လှည့်ပတ်နေကြရာ၌ ကမ္ဘာ၊ လ(ကမ္ဘာ့အရံဂြိုဟ်)နှင့် နေတို့မျဉ်းပြိုင်တစ်တန်းတည်းကျရောက်စဉ် လကနေ၏အရောင်ကို ကာဆီးထားခြင်းကြောင့် ကမ္ဘာက နေကို မြင်တွေ့ရသည့် မြင်ကွင်းပင်ဖြစ်သည်။

ဇန်နဝါရီ ၁၅ရက် နေကြတ်ခြင်းကို အာဖရိကတိုက်အလယ်ပိုင်း၊ အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့အာရှတို့မှ ကောင်းစွာမြင်တွေ့ကြရမည်ဖြစ်သည်။ ဤတစ်ကြိမ်နေကြတ်မှုမှာ ၁၉၉၂ခုနှစ် ဇန်နဝါရီ ၄ရက်နောက်ပိုင်း အချိန်အကြာဆုံး နေကြတ်ခြင်းဖြစ်သည်။

ယခုတစ်ကြိမ် နေကြတ်မှုရာခိုင်နှုန်း အမြင့်ဆုံးတွေ့ရမည့်နေရာမှာ အိန္ဒိယသမုဒ္ဒရာ အလယ်ပိုင်းပင်ဖြစ်သည်။

ယခုတစ်ကြိမ်နေကြတ်ခြင်းကို အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် နာဂါကွိုင်၊ တူတီကွန်၊ ပါလာရန်ကော့ဗိုင်နှင့် ထရီချင်ဒူရ်နှင့် ဂူဂျာရတ်ပြည်နယ် ဆူရက်၊ အမရာဘတ်နှင့်ကုရှ်ဒေသတို့မှ တွေ့မြင်နိုင်မည်ဖြစ်သည်။

ဂျမူးနှင့်ကက်ရှ်မီးယား အရှေ့မြောက်ပိုင်းမှ နေကြတ်ခြင်းကို ၁၉၇၆ခုနှစ်က နောက်ဆုံးအကြိမ်မြင်တွေ့လိုက်ရသည်။

ပြောကြား

ဇန်နဝါရီ ၁၅ရက်တွင် တစ်စိတ်တစ်ဒေသ နေကြတ်မှုကို ပထမဆုံး အိန္ဒိယအနောက်ပိုင်းမှ စတင်မြင်တွေ့ရပြီး နောက်မှ အရှေ့ပိုင်းက သတိပြုတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မီဇိုရမ်ပြည်နယ်တောင်ပိုင်းမှ ပြည်သူများလည်း နေကြတ်ခြင်းကိုတွေ့မြင်နိုင်ကြောင်း နေရူးနက္ခတ်တာရာပြခန်း ညွှန်ကြားရေးမှူး အင်ရာနက်ရှုရီက ပြောကြားသည်။

ဇန်နဝါရီ ၁၅ရက် ညနေ ၃နာရီနှင့်၅နာရီ ၄၅မိနစ်အတွင်း မလေးရှားပြည်သူများလည်း နေကြတ်သည်ကို မြင်တွေ့နိုင်ကြောင်း အမျိုးသားအာကာသအေဂျင်စီ(အန်ကာဆာ)က ကြေညာသည်။

ဖွင့်လှစ်ထားမည်

မလေးရှားပြည်သူများအနေဖြင့် ၄၀ရာခိုင်နှုန်း နေကြတ်ခြင်းကို တွေ့မြင်ရမည်ဟုလည်း အန်ကာဆာက ထည့်သွင်းကြေညာသည်။ပြည်သူများ နက္ခတ္တပညာကို စိတ်ဝင်စားစေရန် အမျိုးသားနက္ခတ်တာရာပြခန်းကို ထိုနေ့တွင် မွန်းလွဲ ၂နာရီခွဲမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ထားမည်ဟု အန်ကာဆာက ကြေညာသည်။ ၂၀၁၀ခုနှစ်အတွင်း နေကြတ်မှုနှင့်လကြတ်မှုများရှိဦးမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ ။

(အင်တာနက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကျောက်မဲ၌ ပညာပေးဟောပြော

ကျောက်မဲ ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်လွင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြသ

အခမ်းအနားတွင် ကျောက်မဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနဦးစီးမှူး ဦးဆန်းယုနှင့် ကျောက်မဲခရိုင် ယာဉ်ထိန်း ရဲတပ်ဖွဲ့တာဝန်ခံ ရဲအုပ်သိန်းဆွေညွန့်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ ဟောပြောကြပြီး ယာဉ်မတော်တဆ ဖြစ်ပွားမှုအန္တရာယ်နှင့် ရှောင်ရန်၊ ဆောင်ရန်အချက်များကို ရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေ၊ နှုတ်ဖြေပြိုင်ပွဲ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယရဲမှူးကြီးစိန်လွင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်းကျင်းဝင်

မြန်အောင် ဇန်နဝါရီ ၉

မြန်အောင်မြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်က မြန်အောင်ဂေါက်ကွင်း၌ ကျင်းပရာ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်)က ၁၂၂ ကိုက်အကွာအဝေးရှိ ကျင်းအမှတ် ၁၀ ကို Gosen Iron No.8 တုတ်ဖြင့် Srixon No.1 ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။ ကစားဖော်များအဖြစ် ဦးအေးသောင်း(လမင်းရတနာရွှေဆိုင်)၊ ဦးအေးဝင်း(ဦးစီးမှူး၊ သစ်တောဦးစီးဌာန)၊ ဦးနေလင်း (ဘီလပ်မြေ) တို့နှင့်အတူ ကစားခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ၃ ရက်က နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀) မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင်ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ပြေစိုးအောင်အား မြို့နယ်အသင်းဥက္ကဋ္ဌ ဦးဟန်ဇော်က ဂုဏ်ပြုလက်မှတ် ချီးမြှင့်စဉ်။

(၁၃၅)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

ဘရာဇီးတောင်ပိုင်း၌ ကားတိုက်မှု ၁၃ဦးသေဆုံး

ဘရာဇီးနိုင်ငံတောင်ပိုင်း မီနာဂျီရေ့စ်ပြည်နယ် ပါတိုဒီမီနာမြို့တွင် ဇန်နဝါရီ ၈ရက်က ဗင်ကားတစ်စီးကို ထရပ်ကားဝင်တိုက်မိရာ ၁၃ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်များကပြောကြားသည်။ (အောက်ပုံ)

အမေရိကန်ကောင်စစ်ဝန်ရုံးကို စစ်သွေးကြွများပစ်ခတ်

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ် မြို့တော်ဟီရတ်စီးတီးတွင် ဇန်နဝါရီ ၈ရက်က အမေရိကန်ကောင်စစ်ဝန်ရုံးဖွင့်ရန်ငှားထားသော အဆောက်အအုံ တစ်လုံးကို စစ်သွေးကြွများက ဒုံးကျည်များဖြင့် လေးကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သေကျေပျက်စီးခဲ့သည့် သတင်းတစ်စုံတစ်ရာ မကြားသိရသေးကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုဂိုဘောလုံးအသင်းယာဉ်ပစ်ခတ်ခံရ၊ တစ်ဦးသေဆုံး

အင်ဂိုလာနိုင်ငံတွင် ဇန်နဝါရီ ၁၀ရက်၌ ကျင်းပမည့် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်သွားရောက်သည့် တိုဂိုအမျိုးသားဘောလုံးအသင်းကို တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးကို ဇန်နဝါရီ ၈ရက်က သေနတ်သမားများက ပစ်ခတ်သဖြင့် ယာဉ်မောင်းသေဆုံးပြီး အားကစားသမားနှစ်ဦးအပါအဝင် ကိုးဦးဒဏ်ရာရရှိသွား သတင်းရရှိသည်။

အမေရိကန်နိုင်ငံ၌ နှင်းများဖုံးသဖြင့် ယာဉ်တိုက်မှုဖြစ်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ရာသီဥတုဆိုးရွားမှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားသည်။ ထရက်တာနောက်တွဲယာဉ်တစ်စီးသည် နှင်းများဖုံးနေသည့်လမ်းပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ ယင်းကဲ့သို့ဖြစ်ပွားခြင်းဖြစ်သည်ဟု သိရသည်။

စီ-၁၇ ကုန်တင်လေယာဉ်များ အိန္ဒိယဝယ်ယူမည်

အိန္ဒိယနိုင်ငံသည် စီ-၁၇ ဂလုပ်မာစတာအမျိုးအစား ကုန်တင်လေယာဉ် ၁၀စင်း ဝယ်ယူရန် ရည်ရွယ်ထားကြောင်း အမေရိကန်ပြည်ထောင်စု အာကာသယာဉ်တည်ဆောက်မှုနည်းပညာဆိုင်ရာ ဗိုလ်မှူးဘိုးရိန်းက ဇန်နဝါရီ ၈ရက်တွင် ပြောကြားသည်။ အဆိုပါ စီ-၁၇ ဂလုပ်မာစတာအမျိုးအစား ကုန်တင်လေယာဉ်များ၏တန်ဖိုးသည် တစ်စင်းလျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း၂၀၀ရှိသည်ဟု သိရသည်။

တရုတ်၌ ကျောက်မီးသွေးတွင်းမီးလောင်၊ ၁၂ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်း ကျန်စီပြည်နယ်တွင် ကျောက်မီးသွေးတွင်း မီးလောင်သဖြင့် ၁၂ဦးသေဆုံးသွားကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၉ရက်တွင်ပြောကြားသည်။ အဆိုပါကျောက်မီးသွေးတွင်း၌ ဇန်နဝါရီ ၈ရက် ညနေလေးနာရီခန့်တွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နှင့် ဆီးရီးယားနှစ်နိုင်ငံသမ္မတများတွေ့ဆုံ

ပါကစ္စတန်သမ္မတအဇစ်အလီဇာဒါရီသည် ဆီးရီးယားနိုင်ငံတွင် နှစ်ရက်ကြာ လည်ပတ်ရန် ဒမတ်စကတ်မြို့သို့ ဇန်နဝါရီ ၈ရက် ညနေပိုင်းက ရောက်ရှိသွားပြီး ညပိုင်းတွင် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်နှင့်တွေ့ဆုံကြောင်း သိရသည်။

တိုယိုတာကားကုမ္ပဏီ ၂၀၀၉ခုနှစ်၌ ရောင်းအားကောင်းခဲ့

၂၀၀၉ခုနှစ်အတွင်း တိုယိုတာကားကုမ္ပဏီမှ အသစ်ထုတ်လုပ်ထားသည့် တိုယိုတာ ပီးရက်စ်ကားရောင်းအားမှာ ဂျပန်ကားဈေးကွက်၌ အကောင်းဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၀၉ခုနှစ်အတွင်း ပီးရက်စ်ကားစီးရေ ၂၀၈၈၇၆စီး ရောင်းချနိုင်ခဲ့ရာ ၂၀၀၈ခုနှစ်ကထက် ၂၈၅ ဒသမ ၇ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဂျပန်ကားကုန်သည်အသင်းက ဇန်နဝါရီ ၈ရက်တွင် သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

အာရှကုန်သွယ်မှုတွင် ရေနံဈေးနှုန်း ကျဆင်း

အာရှရေနံကုန်သွယ်ရေးဈေးကွက်တွင် ဒေါ်လာဈေးကျနေခြင်းကြောင့် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃ဒေါ်လာအောက်ရောက်ကာ နေ့ချင်း ညချင်း ရေနံဈေးမှာ ဈေးကျသွားသည်။ ၁၄လတာ ဈေးတက်နေခဲ့ပြီးမှ ယင်းကဲ့သို့ ဈေးကျသွားခြင်း ဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၂) ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်သွယ်ဖောက်လုပ်ခဲ့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့သည် ဧရာဝတီတိုင်းအတွင်းရှိ မော်လမြိုင်ကျွန်းမြို့နယ်အတွက် အထူးမင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ သွားရေးလာရေး အလွန်ခက်ခဲပြီး ရေခြားမြေခြားဖြစ်နေသည့် မော်လမြိုင်ကျွန်းမြို့ကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် မူလရှိပြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ ကားလမ်းဟောင်းကို ပြန်လည်ပြုပြင်ပြီး ရာဇူဒိုင်မြစ်အား တံတားကြီးနှစ်စင်း ဆောက်လုပ်၍ မော်လမြိုင်ကျွန်းမြို့အထိ ဆက်သွယ်ဖောက်လုပ်ခဲ့သဖြင့် ယနေ့ ပထမအဆင့်ဖြစ်သည့် ရာဇူဒိုင်(၂) တံတားကို အောင်မြင်စွာ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

လုပ်ငန်းပမာဏ ကြီးမားသော ရာဇူဒိုင်(၁)တံတားကိုလည်း ၂၀၁၀ခုနှစ်အတွင်း အပြီးဆောက်လုပ်သွားမှာဖြစ်သည့်အတွက် ဤတံတားကြီးနှစ်စင်း ပြီးမြောက်ပါက မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြားမဟုတ်တော့ဘဲ သွားလာဆက်သွယ်ရေး အလွန်အဆင်ပြေသွားမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

ထို့အပြင် ဘိုကလေး-မော်လမြိုင်ကျွန်းနှင့် မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြ ကားလမ်းများကိုလည်း ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်သည့်အတွက် ဤလမ်းများ၊ တံတားများ ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ ဧရာဝတီတိုင်းအတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာစလုံး ကုန်းလမ်းခရီးမှ အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဤမြို့နယ်အတွင်း ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းနှင့် သားငါးထွက်ကုန်တို့ကို မြန်မာပြည်အနှံ့ တင်ပို့ရောင်းချနိုင်တော့မှာဖြစ်သည့်အတွက် ဤဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းအတွင်းရှိ မြစ်ဝကျွန်းပေါ်တောင်ပိုင်းဒေသသည် စိုက်ပျိုးရေးအတွက် မြေဆီမြေနှစ် အလွန်ကောင်းမွန်ပြီး မြစ်ချောင်းအင်းအိုင်တို့လည်း အလွန်ပေါများသဖြင့် ဆန်စပါး၊ သားငါးနှင့် ဆားအပါအဝင် ရေထွက်ကုန်ပစ္စည်းများ အလျှံအပယ် စိုက်ပျိုးထုတ်လုပ်နိုင်သော ဒေသဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးရေးအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ စားနပ်ရိက္ခာဖူလုံရေးအတွက်အတွင်း မူလအနေအထားထက် သာလွန်တိုးတက်ကောင်းမွန်သည့် အခြေအနေသစ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဒေသတွင်း ဆန်စပါးနှင့် သားငါးထွက်ကုန်ပစ္စည်းတို့ကို ပင်လယ်ကမ်းစပ်မှသည် အနယ်နယ်အရပ်ရပ်ဆီသို့ ကုန်းလမ်းမှတစ်ဆင့် အလွယ်တကူ သယ်ယူတင်ပို့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကားလမ်းသစ် ခုနစ်ခုနှင့် လမ်းဟောင်း သုံးခုတို့ကို အသစ်ဖောက်လုပ်ပြင်ဆင်ပေးခဲ့ရာ ယခုအခါ မိုင် ၄၈၀ကျော်ရှိသော လမ်းကွန်ရက်စနစ်တစ်ခု ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ဤဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက သဘာဝဘေးအန္တရာယ် ထပ်မံကြုံတွေ့ပါ ဒေသအသီးသီးသို့ ကူးလူးဆက်သွယ်သွားလာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်၍ စီးပွားရေး အဖွံ့ဖြိုးဆုံးဒေသတစ်ခု မလွဲဧကန် ဖြစ်လာတော့မည် ဖြစ်ကြောင်း။

မြစ်ချောင်းပေါများသော ဒေသဖြစ်သည့်အလျောက် လမ်းများဖောက်လုပ်ရာတွင် မြစ်ကူးတံတားကြီးများကိုလည်း တစ်စင်းပြီးတစ်စင်း ဆောက်လုပ်လာခဲ့ရာ ယခုဖွင့်လှစ်သည့် ရာဇူဒိုင် (၂) တံတားသည် ဧရာဝတီတိုင်းအတွင်း ၄၈စင်းမြောက် ပေ ၁၈၀အထက် စီမံကိန်းဝင် တံတားတစ်စင်းဖြစ်ပြီး ဆောက်လုပ်ဆဲချက်များနှင့် ဘက်စုံ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းအားလုံး၊ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးလာရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကိုချမှတ်ပြီး နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒေသခံ ဦးကိုကိုလွင်တို့ ရာဇူဒိုင်တံတား အမှတ်(၂)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

များစွာ အထောက်အကူပြုနေသည့် ဒေသဖြစ်ကြောင်း။

ဖန်တီးဖော်ဆောင်

ပြီးခဲ့သည့် ၂၀၀၈ခုနှစ် မေလဆန်းပိုင်းက အလွန်အင်အားပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများ များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသော်လည်း နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲပြီး ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် အချိန်တိုကာလလာပါက အလွယ်တကူ ရွှေ့ပြောင်းကယ်တင်နိုင်ရေးအတွက်ပါ စီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ကူးလူးဆက်သွယ်နိုင်

ဧရာဝတီတိုင်းအတွင်း မော်တော်ကားလမ်းများသာမက ယခုအခါ ပုသိမ်မြို့မှ ဒါးက၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းမြို့များကိုဖြတ်ပြီး လှိုင်သာယာ၊ ရန်ကုန်အထိ မီးရထားလမ်း ၈၇မိုင်ကိုလည်းကောင်း၊ ဟင်္သာတမှ ဇလွန်၊ ဓနုဖြူ၊ ညောင်တုန်းလမ်း ၄၈မိုင်ကိုလည်းကောင်း မီးရထားလမ်းသစ် နှစ်လမ်းကို စတင်ဖောက်လုပ်နေပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် မြစ်ကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းတို့ဖြင့် ရာဇူဒိုင်(၁) တံတားကြီးအပြင် ဧရာဝတီ မြစ်ကူး ညောင်တုန်းတံတားကြီး တစ်စင်းကိုလည်း ဟင်္သာတ-ညောင်တုန်း မီးရထားလမ်းကူးတံတားကြီးအဖြစ် တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို စတင်ထမ်းဆောင်ခဲ့ချိန်မှစတင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပထမဦးစားပေး လုပ်ငန်းတာဝန်များအဖြစ် သတ်မှတ်ကာ ဆောင်ရွက်ခဲ့ရသကဲ့သို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပင် အနာဂတ်နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကိုချမှတ်ပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိကျခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်ကဏ္ဍ စသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံလာအောင် စီမံကိန်းများချမှတ်ကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရကြောင်း။

လက်တွေ့ခံစားနေကြရ

တစ်ချိန်တည်းမှာပင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်း၊ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှု အဆင့်မြင့်တင်ရေး စီမံကိန်းများကိုပါ နှစ်တိုနှစ်ရှည် အမျိုးသားအဆင့် စီမံကိန်း အဆင့်ဆင့်ကိုချမှတ်ပြီး ဘက်စုံထောင့်စုံမှ အရှိန်အဟုန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ရရှိဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစား နေကြရပြီဖြစ်ကြောင်း။

ထို့အပြင် ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြည်သူများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူအများ ထောက်ခံအတည်ပြုပြီး ဖြစ်သည့်အတွက် အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ယခု ၂၀၁၀ ခုနှစ်တွင် ပဉ္စမအဆင့်ဖြစ်သော အထွေထွေရွေးကောက်ပွဲကြီးကို ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း။

အကျိုးရှိရှိအသုံးချ

နိဂုံးချုပ်အနေဖြင့် ယခုဆောက်လုပ်ပေးခဲ့သည့် တံတားကြီးကို သားစဉ်မြေးဆက်တိုင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်အောင် ကာကွယ်စောင့်ရှောက်သွားကြပါ။ ဤအခြေခံကောင်းတွေကို အကျိုးရှိရှိအသုံးချပြီး မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားတို့ကို အတ္တ၊ ပရမ္မတစွာ ကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သော စွမ်းအားဖြင့် အခက်အခဲအတားအဆီး၊ အဖျက်အမှောင့်မှန်သမျှကို ရင်ဆိုင်ဟန့်တားကျော်လွှားသွားကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် မြစ်ချောင်းများပေါများသည့် ဒေသဖြစ်သည့်အတွက် တစ်မြို့နယ်နှင့် တစ်မြို့နယ် သွားလာဆက်သွယ်ရေး၌ အဆီးအတားသဖွယ်ဖြစ်ခဲ့ပါကြောင်း၊ ကုန်းလမ်းခရီးသွားလာနိုင်သော မြို့နယ်လည်း နည်းပါးခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်းရှိ ခုနစ်မြို့နယ်၌ ထိခိုက်ဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ပြီး လူနေအိမ်ခြေများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

အမြော်အမြင်ကြီး

သို့ဖြစ်၍ သဘာဝဘေးဒဏ် ထပ်မံဖြစ်ပေါ်ပါက အချိန်မီ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်နှင့် လိုအပ်ပါက ကယ်ဆယ်ရေးအတွက် ရွှေ့ပြောင်းချိန်လုံလောက်ရန်၊ ပုံမှန်အချိန်တွင် ကုန်စည်စီးဆင်းမှု၊ ဆက်သွယ်သွားလာရေး လွယ်ကူစေရန်အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာ ဧရာဝတီတိုင်းအတွင်း နာဂစ်ဒဏ်ခံဒေသများတွင် လမ်းကွန်ရက် လမ်းမကြီး (၁၀)လမ်းကို အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ကြောင်း၊ အဆိုပါလမ်းညွှန်မှုနှင့်အညီ လမ်းမကြီး (၁၀)လမ်းအနက်မှ အမှတ်(၁)လမ်းမကြီး ဖြစ်သည့် မအူပင်-ရေလဲကလေး၊ ရွှေတောင်မှော်၊ ကျိုက်ပိ၊ မော်လမြိုင်ကျွန်း လမ်းအပိုင်းရှိ ရာဇူဒိုင်တံတား အမှတ်(၂)ကို တည်ဆောက်ခဲ့ပါကြောင်း၊ မော်လမြိုင်ကျွန်းမြို့သည် ကျွန်းအနေဖြင့် ထီးထီးတည်ရှိခဲ့သည့်အတွက် အခြားမြို့နယ်များနှင့် ဆက်သွယ်ရာတွင် ရေလမ်းတစ်ခုသာ အားထားအသုံးပြုခဲ့ရာမှ ယခုရာဇူဒိုင် တံတားအမှတ်(၂) ဖွင့်လှစ်နိုင်သည့်အတွက် ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း မြို့များသို့ ပိုမိုလွယ်ကူချောမွေ့စွာသွားလာ နိုင်ပြီဖြစ်ပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁

ရာဇူဒိုင်တံတားအမှတ် (၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

10-1 (06).pmd 1 1/10/2010, 2:05 AM

စာမျက်နှာ ၆ မှ

အမှတ်(၁၀) လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်ကျွန်း-ကျုံမငေး-မြောင်းမြ လမ်းမကြီးများနှင့်လည်း ဆက်သွယ်သော တံတားကြီးတစ်စင်းလည်း ဖြစ်ကြောင်း။

လျင်မြန်ချောမွေ့

ရာဇူဒိုင်တံတား အမှတ်(၂) တံတားသစ်ကြီးကို တည်ဆောက်အကောင်အထည်ဖော်ပေးလိုက်ပြီဖြစ်သည့်အတွက် ပြည်သူများသည် အချိန်တိုကာလအတွင်း၌ လိုရာခရီးကိုသွားလာနိုင်ကြမည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကိုလည်း တစ်မြို့နယ်မှ တစ်မြို့နယ်သို့ လွယ်ကူလျင်မြန်ချောမွေ့စွာ ပို့ဆောင် ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်၍ ပြည်သူများလည်း လူမှုစီးပွားရေးဘဝများပါ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဤရာဇူဒိုင်တံတားအမှတ်(၂)တံတားသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်ဒေသခံ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါဟု ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၂)ပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးစားပေးဆောင်ရွက်

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရာဇူဒိုင်တံတားအမှတ်(၂)တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ရာ၌ စီးပွားရေး အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်ရန် အတွက် အဓိကကျသော လမ်းပန်းဆက်သွယ်ရေး ပြည့်စုံကောင်းမွန်လာအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာပြည်တစ်ဝန်းလုံး၌ ပေ ၁၀၀ နှင့် ၁၈၀ ကြား၊ ပေ ၁၈၀ အောက် တံတား ၂၈၁၃ စင်းနှင့် ပေ ၁၈၀ နှင့်အထက် တံတား ၂၃၄စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုလည်း ပေ ၁၈၀ နှင့်အထက် တံတား ၁၉စင်း တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်တံတား ခြောက်စင်း ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရာဇူဒိုင်တံတားအမှတ်(၂)အပြင် ရာဇူဒိုင်တံတားအမှတ်(၁)ကိုလည်း မကြာမီကာလအတွင်း၌ ဖွင့်လှစ်နိုင်ရန် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖောက်လုပ်ပေးနိုင်ခဲ့

ဧရာဝတီတိုင်းအတွင်း၌ နာဂစ်မတိုင်မီက လမ်းမိုင်ပေါင်း ၁၃၄၄ မိုင် ၅ ဖာလုံသာ ရှိခဲ့ပြီး နာဂစ်အပြီးတွင် ၁၆၁ မိုင် ၃ ဖာလုံ ဆက်လက်တိုးချဲ့ ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုအခါဆိုလျှင် လမ်းမိုင်စုစုပေါင်း ၁၅၀၆ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းသည် တစ်သားတည်းဖြစ်နေပြီး မြန်မာပြည်၏ အကြီးမားဆုံး စီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ပေးနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်သော ဦးကိုကိုလွင်က တံတားတည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒေသခံဦးကိုကိုလွင်တို့က ရာဇူဒိုင်တံတားအမှတ်(၂)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ရာဇူဒိုင်တံတားအမှတ်(၂) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တာဝန်ရှိသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇူဒိုင်တံတားအမှတ်(၂)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရာဇူဒိုင်တံတားအမှတ်(၂)သည် တစ်လမ်းသွား-သံကူကွန်ကရစ် အမျိုးအစား၊ တံတားအရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်ပြီး ဧရာဝတီတိုင်းအတွင်း ၄၈ စင်းမြောက် ပေ ၁၈၀အထက် စီမံကိန်းဝင် တံတားတစ်စင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုဆောက်လုပ်ပေးခဲ့သည့် တံတားကြီးကို သားစဉ်မြေးဆက်တိုင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်အောင် ကာကွယ်စောင့်ရှောက်သွားကြပါ။ ဤအခြေခံကောင်းတွေကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော် အကျိုးစီးပွားတို့ကို အတ္တ၊ ပရ မျှတစွာ ကြိုးပမ်းဆောင်ရွက်သွားကြပါ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သော စွမ်းအားဖြင့် အခက်အခဲအတားအဆီး၊ အဖျက်အမှောင့် မှန်သမျှကို ရင်ဆိုင်ဟန့်တားကျော်လွှား။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **သေနည်းလေးမျိုး** တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
- ၆း၅၀ ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (TONYMOLY ရဲ့ First Dinner Party)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
- ၈း၃၀ Sports World(Sunday Special)
- ၈း၅၅ ရွှေစံအိမ်တည်ရှိရာ Aurcum Resort
- ၈း၅၅ Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ
- ၁၀း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ရှေ့ရှိတဲ့အချစ်များ**
- ၁၀း၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇော်မင်းလေး)
- ၁၁း၄၀ ဖြည့်ဆည်းကွက်လပ်အနာဂတ်
- ၁၁း၅၅ ခံစားမှုရသစုံလင် အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၁၂း၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၁)
- ၁၂း၄၅ လှမ်းခဲ့ပါဆွေ **မနောမြေ**
- ၁း၀၀ **သေနည်းလေးမျိုး** တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (အလွယ်ရတာကောင်းတယ်၊ အလွယ်မရတာကောင်းတယ်)
- ၃း၅၀ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
- ၄း၀၅ ဖြည့်ဆည်းကွက်လပ်အနာဂတ်
- ၄း၁၅ ရွှေစံအိမ်တည်ရှိရာ Aurcum Resort
- ၄း၄၀ ခံစားမှုရသစုံလင် အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၅း၀၅ Sports World(Sunday Special)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဗီဒီယိုပြခန်း
- ၆း၄၀ ဈေးဝယ်လမ်းညွှန် (iQ Vision)
- ၇း၀၅ ရန်ကုန်မြင်ကွင်းကျယ် (TONYMOLY ရဲ့ First Dinner Party)
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (အလွယ်ရတာကောင်းတယ်၊ အလွယ်မရတာကောင်းတယ်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
- ၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၁)
- ၁၀း၂၅ Barclays Premier League (Liverpool Vs Tottenham)
- ၁၂း၂၅ 3D ကမ္ဘာ
- ၁၂း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ရှေ့ရှိတဲ့အချစ်များ**

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	West Ham-Wolverhampton	ESPN(Live)
၁၀း၂၅	Liverpool -Tottenham	ESPN(Live)

ရာဇူဒိုင် တံတား အမှတ် (၂) ပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်း သွားလာစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အေဒင်အုပ်စု ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုန်အင်တာနေရှင်နယ်လီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ... စက်ရုံ (ပုသိမ်) စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှု...

ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာရှိ CDMA-450 စခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မုန်တိုင်းဒဏ်ခံ အဆောက်အအုံအနီးရှိ သောက်သုံးရေကန်အတွင်း ရေချိုဝင်ရောက်နေမှုနှင့် အခြေခံပညာ အလယ်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို မုန်တိုင်းဒဏ်ခံ အဆောက်အအုံပေါ်မှ ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ပတ်ဝန်းကျင်အခြေအနေကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် ပတ်ဝန်းကျင် အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ထပ်မံကြည့်ရှုစစ်ဆေးကြသည်။

နေမှုနှင့် သောက်သုံးရေကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေါ်ညိမ်းကျေးရွာရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ CDMA-450 စနစ် တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းအတွင်း ဆက်သွယ်ရေးစက်များ တပ်ဆင်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေါ်ညိမ်းကျေးရွာအနီး စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၂၄လက်မ ကုန်းတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဗဟိုစခန်းစီမံကိန်း (ဒေါ်ညိမ်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့် မှတ်တမ်း ဓာတ်ပုံများနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဗဟိုစခန်းစီမံကိန်း မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေါ်ညိမ်းကျေးရွာမှ ပြန်လည်ထွက်ခွာကြပြီး ဖျာပုံ - ကျုံကဒွန်း - ဒေါ်ညိမ်း - အမာလမ်း လမ်းပိုင်းအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ဇရာကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက ဆောက်လုပ် ပြီးစီးသွားပြီဖြစ်သည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) အတွင်း ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ထူးထရေးဒင်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်မြေတာဝန်ခံ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

သောက်သုံးရေကန်ဖော်ထုတ်ထား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သောက်သုံးရေကန် ဖော်ထုတ်ထားမှုနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ် အိုးဘိုကျေးရွာရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်း၏ အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်) တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စီမံကိန်း...
ဝန်ကြီးချ...
လီမိတက်...
ဒဏ်ခံ ...
ဆောင်ရွ...
ရှင်းလင်း...
ဝန်ကြီး ...
ဖြည့်စွက်...
ယင်...
သည် ကြ...
အခြေခံပ...
မြန်မာနိုင်...
ဂျပန်နိုင်...
ပူးပေါင်း...
မုန်တိုင်း...
ဆောက်...
ထူးထရေ...
တာဝန်ယ...
ဒဏ်ခံဂေ...
စစ်ဆေး...
တာဝန်ရှိ...

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ကြိမ်ချောင်းကြီးကျေးရွာ စံပြကျေးရွာသစ် တည်ဆောက်ရေး

ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ အေဒင်အုပ်စု ကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ပုသိမ်) စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ဇရာကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံအတွင်း ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

...ါင့်မြို့နယ် အိုးဘိုကျေးရွာရှိ စွမ်းအင်ဝန်ကြီး ...င်နှး၏ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ ...မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မုန်တိုင်းဒဏ်ခံ ကျောင်းဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်မြေတာဝန်ခံဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီး စံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်း ဆောက်လုပ်လှူဒါန်းသည့် မုန်တိုင်းဒဏ်ခံ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေနှင့် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံကျောင်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီး စံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

စနစ်တကျသုံးစွဲ

နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျုံဒါးကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာ၊ ဇရာကျေးရွာနှင့် ကြိမ်ချောင်းကြီး ကျေးရွာများသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသားများနှင့် တွေ့ဆုံနှုတ်ဆက်စဉ် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များကို ဆောင်ရွက်ပေးပြီး စပါးသီးနှံအပြင် ဒေသနှင့်ကိုက်ညီသည့် ပဲသီးနှံကို စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်ရရှိနိုင်ကြောင်း၊ မိမိတို့ရှာဖွေရရှိသော ဝင်ငွေကို စနစ်တကျသုံးစွဲပြီး စုဆောင်းကာ လူမှုအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

အမြဲမပြတ်စစ်ဆေး

ထို့နောက် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရေးအတွက် အသိပညာပေးရေး၊ အခြေခံပညာ အထက်တန်းကျောင်းသားကျောင်းသူများ အရည်အချင်း ပြည့်မီရေးအတွက် မူလတန်းအဆင့်မှာပင် အခြေခံကောင်းအောင် လေ့ကျင့်သင်ကြားပေးရေး၊ သင်ရိုးညွှန်းတမ်းများကို ပညာသင်နှစ်အတွင်း ကုန်အောင် သင်ကြားပေးပြီး အမှန်တကယ် တတ်မြောက်မှု ရှိ မရှိ စစ်ဆေးရေးနှင့် ဖောက်လုပ်ပေးထားသည့် လမ်းများ ရာသီမရွေး အသုံးပြုနိုင်ရန် အမြဲမပြတ် စစ်ဆေး ပြုပြင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ် အိုးဘိုကျေးရွာရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်း၏ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ပုသိမ်)သို့ ရောက်ရှိကြရာ စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံစီမံကိန်း ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်) ၏ ပုံစံငယ်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်ရုံတည်ဆောက်မှုအခြေအနေနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စွမ်းအားပြည့်လည်ပတ်နိုင်ရေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းလုပ်ငန်းခွင်အတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် အမိုးနီးယားနှင့် ယူရီးယားစက်ရုံ ဆောက်လုပ်တပ်ဆင်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်နိုင်

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်း(ပုသိမ်)သည် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ် ဒါးကမြစ်အနီး၌တည်ရှိပြီး ဧက ၂၀၀ကျယ်ဝန်းကာ စီမံကိန်းပြီးစီးပါက တစ်ရက်လျှင် ယူရီးယားတန် ၅၀၀နှင့် အမိုးနီးယား ဓာတ်မြေသြဇာ ၃၂၅တန် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ဇရာကျေးရွာ၌ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီက ဆောက်လုပ်သည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘာတွေရောင်းသလဲ၊ ဘာတွေဝယ်မလဲ Yangon Expo-2010 သွားကြည့်မယ်

အမေး/အရေး - ဝင်းကျော် ➤ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

ရန်ကုန် ဇန်နဝါရီ ၉

လူများစည်ကားနေသော ခန်းမကျယ်ကြီးအတွင်း တေးသံများက ပျံ့လွင့်နေသည်။ ရောင်စုံဆိုင်းဘုတ်မျိုးစုံနှင့် ပြခန်းများအလိုက် ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုမှာ လိုချင်စရာပင်ဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိနေသော နေရာကား Yangon Expo-2010 ကုန်စည်ပြပွဲကျင်းပရာ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဖြစ်သည်။

ခင်းကျင်းပြသ

Yangon Expo-2010 ပြပွဲကို ဇန်နဝါရီ ၈ရက်က ဖွင့်လှစ်ခဲ့သည်။ အီလက်ထရွန်နစ် ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်နှင့် အိမ်ဆောက်ပစ္စည်းများကို ခင်းကျင်းပြသထားရာ အရောင်းပြခန်းများ၌ ကြည့်ရှုလေ့လာသူများ၊ ဝယ်ယူနေသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ စားသောက်ကုန် ပစ္စည်းများရောင်းချရာဆိုင်ခန်းများ၌ ဝယ်ယူသူများအား အမြည်းသဘော စားသောက်စေပြီး နှစ်သက်မှုရှိက ဝယ်ယူနိုင်ကြောင်း အရောင်းစာရေးများ၏ ဖိတ်ခေါ်နေမှုကလည်း စားသုံးသူအတွက် နှစ်သက်စေသော ရောင်းချမှုတစ်မျိုးပင် ဖြစ်သည်။

ကျန်းမာရေး

သတင်းအဖွဲ့မှ ကျန်းမာရေးအတွက် အသုံးဝင်သော ဆေးစိမ်ခြင်ထောင်များ ရောင်းချရာ Myanmar Global Heart ပြခန်းသို့ ဝင်ရောက်မေးမြန်းကြည့်ရာ "ကျွန်မတို့ပြခန်းမှာ ဆေးစိမ်ခြင်ထောင်နဲ့ လိုက်ကာများကို ရောင်းချပေးပါတယ်။ ခြင်ထောင်ကို လေးနှစ်ကြာ အသုံးပြုနိုင်ပြီး အကြိမ်၂၀ လျှော်ဖွပ်နိုင်ပါတယ်။ ခြင်ထောင်ကို ပိုးမွှားကာကွယ်ဆေး (Delta Methrin) အသုံးပြုထားတာကြောင့် ခြင်၊ ယင်များ ခြင်ထောင်နား မကပ်နိုင်ပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ငှက်ဖျားရောဂါကာကွယ်ရန် အကောင်းဆုံးဖြစ်ကြောင်း အသိအမှတ်ပြုထားပြီး ကလေး၊ လူကြီး ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါတယ်" ဟု အရောင်းတာဝန်ခံ မခင်စိုးစိုးက ဖြေကြားသည်။

ဖျော်ဖြေ

တေးသီချင်းများနှင့်အတူ မော်ဒယ်အကအဖွဲ့များဖြင့် ပြပွဲလာပရိသတ်များအား ဖျော်ဖြေပြီး အီလက်ထရွန်နစ်ပစ္စည်းများ ရောင်းချနေသော ဆမ်ဆောင်းပြခန်း၌လည်း လေ့လာမေးမြန်းသူများ၊ ဝယ်ယူနေသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ ပြပွဲ၌ ပစ္စည်းများ ရောင်းချနေမှုနှင့် ပတ်သက်၍ အရောင်းတာဝန်ခံ မသန္တာအား သိလိုသည်များကို မေးမြန်းကြည့်ရာ "ပြခန်းမှ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ ရောင်းချပေးနေပါတယ်။ ပစ္စည်းတစ်ခုချင်း အလိုက် ၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းပေးပါတယ်။ ဝယ်ယူသည့် ပစ္စည်းအတွက် အာမခံ ပေးထားပါတယ်" ဟု ပြောပြသည်။ တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပစ္စည်းမျိုးစုံကို ဝယ်ယူချင်စဖွယ် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

ဂလိုဘယ် ပဲဆီ၊ နှမ်းဆီ အရောင်းပြခန်း၌ ဤသို့ ခင်းကျင်းပြသထားသည်မှာ....။ (မြန်မာ့အလင်း)

"ပစ္စည်းတစ်ခုချင်း အလိုက် ၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းပေးပါတယ်။ ဝယ်ယူသည့် ပစ္စည်းအတွက် အာမခံပေးထားပါတယ်"

မသန္တာ
အရောင်းတာဝန်ခံ

Nara တံဆိပ်လက်ဖက်ခြောက် အရောင်းပြခန်းမှ အရောင်းစာရေးများကလည်း ဤသို့ ရှင်းပြရောင်းချလျက်ရှိသည်။ (မြန်မာ့အလင်း)

နှမ်းဆီမွှေး

ဆက်လက်၍ ဟင်းချက်စားသောက်ရာ၌ အသုံးပြုသော ပစ္စည်းဖြစ်သည့် ပဲဆီနှင့် နှမ်းဆီမွှေးရောင်းချရာ ဂလိုဘယ်ဆီအရောင်းပြခန်း၌ ဝယ်ယူနေသူများဖြင့် တွေ့ရပြီး အထူးသဖြင့် နှမ်းဦးရည်ဖြင့် ထုတ်လုပ်ထားသော နှမ်းဆီမွှေးကို ဝယ်ယူသူများ နှစ်သက်ကြောင်း သိရသည်။

ဆေးဝါး

ပြည်တွင်း ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် FAME ဆေးဝါး ထုတ်လုပ်ရေးပြခန်း၌ ဆေးပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားသည်။ အရည်အသွေးမီ ဆေးဝါးများ ပြသထားပြီး ဝယ်ယူလေ့လာသူများဖြင့် တွေ့ရသည်။

အရည်အသွေးစစ်ဆေး

ကျန်းမာရေးအတွက် အထောက်အကူပြုသော Nara အမှတ်တံဆိပ် လက်ဖက်ခြောက် ပြခန်း၌လည်း လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကို စားသုံးသူအား မြည်းစမ်းစေပြီး ရောင်းချပေးနေသည်။ ဓာတုပစ္စည်းမပါဝင်ဘဲ သဘာဝလက်ဖက်ကို ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းအသုံးပြု၍ ပေါင်းတင်၊ ပိုးသတ်၊ အခြောက်ခံ အရည်အသွေးစစ်ဆေး ထုတ်လုပ်ထားကြောင်း သိရသည်။

တာယာများ

မော်တော်ကား အသုံးပြုသူများအတွက် မသုံးမဖြစ်သုံးရမည့် တာယာများကိုလည်း ကြည်ဘရားသား စက်မှုလုပ်ငန်းပြခန်း၌ ပြသထားပြီး ကားကြီး၊ ကားသေးသုံး တာယာများကို အအေးပေါင်းစနစ်ဖြင့် တာယာပန်းသား အသစ်တင်ခြင်း လုပ်ဆောင်ပေးကြောင်း သိရသည်။

နာရီများ

အချိန်နှင့် ပတ်သက်၍ လုပ်ဆောင်ရာတွင် မရှိမဖြစ် အသုံးပြုရသည့် နာရီများ ပြသထားသော ချယ်ရီဦး နာရီ အရောင်းပြခန်း၌ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ၊ လက်ပတ်နာရီမျိုးစုံကို တွေ့ရပြီး ၁၀ရာခိုင်နှုန်း ဈေးလျှော့ရောင်းပေးကြောင်း သိရသည်။

ဆာကူရာနှင့် အောကစ်အမှတ်တံဆိပ် အီလက်ထရွန်နစ်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး၍ အိမ်အရောက်ပို့ ဝန်ဆောင်မှုစနစ်နှင့် ရောင်းချပေးကြောင်း၊ ဝယ်ယူသည့် ပစ္စည်းအပေါ်၌ အာမခံပေးထားကြောင်း ပြည့်စုံဝင်းနိုင်ကုမ္ပဏီ အရောင်းပြခန်းမှလည်း မေးမြန်းသိရှိရသည်။

ဤကဲ့သို့ လူသုံးကုန် ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်သော Yangon Expo-2010 ကို ဇန်နဝါရီ ၁၁ရက်အထိ နံနက် ၉နာရီမှ ညနေ ၆နာရီတိုင်အောင် ပြသထားမည်ဖြစ်ရာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်သဖြင့် ပျော်ရွှင်စွာ သွားရောက်လေ့လာသင့်ပါကြောင်း သတင်းစကားပါးရင်း....။

(မြန်မာ့အလင်း)

အထက(၃) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အထက(၃)ကျောင်း၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

ယခင်နှစ်များ၌ အပူဇော်ခံ ဆရာ ဆရာမကြီးများသည် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အဆိုပါ မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေကျပ် ၃၅သိန်းခန့် ရရှိထားပြီး တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲဖွင့်ပွဲနှင့် ဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

Apple Cosmetic Production Co., Ltd. ၏ စတုတ္ထအကြိမ် ကံစမ်းမဲဖွင့်ပွဲနှင့် Topsyne Medicated Cream ၏ သတ္တမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ဇန်နဝါရီ၄ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ နတ်မောက်ရိပ်သာလမ်းရှိ Chatrium Hotel ၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားတွင် Apple အလှကုန်များကို ဖြန့်ချိရောင်းချပေးကြသော မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းရှိ လက်လီလက်ကား အရောင်းဆိုင်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် Topsyne Medicated Cream (10g) ဘူးသေးကို ယခင်နှစ်အထိ အရောင်းကိုယ်စားလှယ်က ဖြန့်ချိပေးခဲ့သော်လည်း ၂၀၁၀ခုနှစ်မှစ၍ Apple Cosmetic Production Co., Ltd. ကပင် တာဝန်ယူကာ တစ်နိုင်ငံလုံးသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ Topsyne Product အသစ်ဖြစ်သည့် Topsyne UV 2 Way Cake နှင့် Topsyne Liquid Foundation (15ml) နှင့် (8 ml) နှစ်မျိုးကို ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

Topsyne Medicated Cream (10g)ကို ၂၀၁၀ခုနှစ်မှာပင် ထုပ်ပိုးမှု ပုံစံအသစ်၊ ပိုမိုကောင်းမွန်သော နည်းပညာတို့ဖြင့် ဆက်လက်ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆံပင်ကျွတ်ပြီး ပါးသဖြင့်၊ ကျဲသဖြင့် မလှပထင်ကာ စိတ်ညစ်နေကြသူများအတွက် သဘာဝအပင်တို့၏ အဆီအနှစ်များဖြင့် ပေါင်းစပ်ထားသည့် ဆံပင်အမြစ်အိတ်ကို အားဖြည့်ပေးကာ ဆံပင်များကို ပြန်လည်ပေါက်စေနိုင်ပြီး သန်စွမ်းသော ဆံပင်များကို ပိုင်ဆိုင်နိုင်သည့် ကျား၊ မ မရွေး သုံးစွဲနိုင်သော Mobbish ဆံပင် ပြန်ပေါက်ဆီကို Apple Cosmetic မှ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးနေကြောင်း သိရှိရသည်။

ကြေညာမည်

Topsyne Medicated Cream သုံးစွဲသူပရိသတ်များ၊ Apple အလှကုန်များကို ရောင်းချပေးကြသော လက်လီလက်ကား အရောင်းဆိုင်များနှင့် ဝယ်ယူအားပေး သုံးစွဲကြသူများအတွက် ကံစမ်းမဲများကို ရုပ်ရှင်အနုပညာရှင်များ၊ စာနယ်ဇင်းဆရာများနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ဆုရရှိသူများစာရင်းကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

မှာယူနိုင်

ကံစမ်းမဲဖွင့်ပွဲနှင့်အတူ Apple Cosmetic Production Co., Ltd. မှ ထုတ်လုပ်သော Apple Ginseng Hair Coat, Apple Medicated Cream, Apple 2 Way Cake, 7 Day အဆီချရင်မ်၊ Apple ရွှေမျက်နှာသန့်စင်ရည်၊ Cecilia Shampoo များ၊ Apple Lotion, Topsyne UV 2 Way Cake, Topsyne Medicated Cream, Topsyne Liquid Foundation တို့ကို အထူးဈေးရောင်းပွဲအဖြစ် ရောင်းချပေးပြီး လက်လီလက်ကား ဝယ်ယူရောင်းချလိုကြသော အရောင်းဆိုင်ကြီးများအနေဖြင့် အမှတ်(၉၇၂/ခ)သံသုမာလမ်း(၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၀၁၁၂၊ ၅၆၆၉၂၅၊ ၇၂၀၂၈၃ နှင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တတ (၁၂)၊ စရပ်ကွက် အမှတ် (၅၀/၅၁) ဖုန်း- ၀၉-၅၀-၄၇၈၆၈၊ ၀၉-၈၆-၁၃၂၆၆ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ထူးချွန်ဆုနှင်းသဘင်ကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အသင်းဝင်နှင့် မိဘများဖြစ်သော အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များအနေဖြင့် အမှတ်စာရင်းအထောက်အထားများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးအောင်အောင် (အငြိမ်းစား သံအမတ်ကြီး) ဖုန်း-၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၇၀၃၀၇၇၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈ တို့သို့ ဆက်သွယ်ကြပါရန်နှင့် အသင်းဝင်စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အခမ်းအနားသို့ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်း ရွာသစ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံဖွင့်

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော် တပ်ကုန်းမြို့နယ် ရွာသစ်ကျေးရွာ အားမာန်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ် စာစောင်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းလှိုင်၊ ခရိုင် ဦးစီးအရာရှိ ဦးအေးဖေနှင့် မြို့နယ်ဦးစီးမှူး ဦးတင်ထူး၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား စာကြည့်တိုက် ကော်မတီဝင် ဦးအောင်မောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းကာ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်းငွေ

အဆိုပါ စာကြည့်တိုက်ကို အလှူရှင် သိဇာ်းကုမ္ပဏီမိသားစုတို့က မတည်ငွေကျပ် ၁၂သိန်းနှင့် ကျေးရွာပြည်သူများ၏ ပါဝင်လှူဒါန်းငွေ ကျပ် ၂၈သိန်း စုစုပေါင်း ငွေကျပ် သိန်း၄၀ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဒီဇီကိုအား ခေါ်ယူရန် အေစီနှင့်ချယ်လ်ဆီး ကြိုးပမ်း

အီတလီစီးရီးအေအသင်း အေစီမီလန်က ခေါ်ယူစာချုပ်ရန် ကြိုးစားနေသော ဝုဖ်ဘတ်ဂ်အသင်းမှ ဘော့စနီးယားတိုက်စစ်မှူး အီဒင်ဒီဇီကိုအား ချယ်လ်ဆီးအသင်းက ပေါင် ၃၆သန်းဖြင့် ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း ဒေးလီးမေရာကဖော်ပြသည်။

ရော်ဘီကိန်း ပြောင်းရွှေ့ကြေး ရက်နက် ဖွင့်ဟ

အက်စ်တွန်ဗီလာနှင့် ဆဲလ်တစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော စပါးအသင်းမှ အသက် ၂၉နှစ်ရှိ အိုင်ယာလန်တိုက်စစ်မှူး ရော်ဘီကိန်းအား အသင်းတစ်သင်းသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ဖြင့် ကမ်းလှမ်းခဲ့ပါက ၎င်းအား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း စပါးနည်းပြ ဟယ်ရီရက်နက်က ပြောကြားကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဆိုးကင်းဘဲလ်အား စာချုပ်ရန် ဝင်းဂါး စဉ်းစားနေ

ဆိုးကင်းဘဲလ်အား ပြန်လည်စာချုပ်ခေါ်ယူရန် စဉ်းစားနေသည်ဟု အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက အတည်ပြု ပြောကြားခဲ့ကြောင်း၊ စာချုပ်ခေါ်ယူခဲ့ပါက ဝင်းဂါးအနေဖြင့် အသင်းအတွက် ကစားသမားဟောင်းတစ်ဦးကို ပထမဦးဆုံးအကြိမ် ပြန်လည်စာချုပ်ခေါ်ယူခြင်း ဖြစ်လာမည်ဖြစ်ကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ခံစစ်မှူး စတီယာမန်အား လီဗာပူး အကဲခတ်နေ

လီဗာပူးအသင်းသည် ဝုလ်ဗာဟမ်တန်အသင်းမှ အသက် ၂၂နှစ်အရွယ်ရှိ ခံစစ်မှူး ရစ်ချတ်စတီယာမန်အားခေါ်ယူရန် လေ့လာစုံစမ်းမှုများ ပြုလုပ်နေကြောင်း၊ ဘင်နီတက်ဇ်အနေဖြင့် အင်္ဂလန် အသက် ၂၁နှစ်အောက် လက်ရွေးစင်ဟောင်း စတီယာမန်အား ဒဏ်ရာရရှိနေသည့် ဂလင်းဂျွန်ဆင်၏နေရာတွင် အစားထိုးဖွယ် ရှိကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

စပို့တင်းဂီဂျွန်မှ ကာနယ်လာအားခေါ်ယူရန် ဝီဂန်စီစဉ်

ဝီဂန်နည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် စပို့တင်းဂီဂျွန်မှ အသက် ၂၁နှစ်အောက် စပိန်လက်ရွေးစင်ကစားသမား ဘယ်နောက်ခံလူ ရောဘတ်တိုကာနယ်လာအား ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း၊ ကာနယ်လာအား အက်စ်တွန်ဗီလာကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဆယ်လ်ပီဂီဒစ်အား ခေါ်ယူရန် ဖူလ်ဟမ် စဉ်းစားနေ

ဖူလ်ဟမ်အသင်းသည် ဂရိအသင်း ပနာသီနိုင်ကို့စ်မှ အသက် ၂၆နှစ်အရွယ်ရှိ တောင်ပံကစားသမား ဒီမီထရစ်ဆယ်လ်ပီဂီဒစ်အား ခေါ်ယူရန် စဉ်းစားနေကြောင်း၊ ပြောင်းရွှေ့ကြေး ပေါင်တစ်သန်းရှိ ဂရိလက်ရွေးစင် ဆယ်လ်ပီဂီဒစ်အား ဘာမင်ဂမ်နှင့် စတုတ်စီးတီးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဆာဂေးအား ဝက်စ်ဟမ်းက အငှားစာချုပ်ရန် ကမ်းလှမ်း

ဝက်စ်ဟမ်းအသင်းသည် ဖင်းနစ်စ်နီပီတာစဘတ်ဂ်မှ အသက် ၂၆နှစ်ရှိ ဘီလာရုစ် တိုက်စစ်မှူး ဆာဂေးကော်နီလင်ကိုအား အငှားစာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

တိုက်စစ်မှူးမိုဆက်စ်အား မန်စီးတီး စာချုပ်ခေါ်ယူလို

မန်စီးတီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပေါင်ငါးသန်းတန် အသက် ၁၉နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗစ်တာမိုဆက်စ်အား စာချုပ်ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း၊ မိုဆက်စ်အား ချန်ပီယံရှစ်အသင်း ဝက်စ်ဘရွန်းမှ ပေါင်တစ်သန်းခွဲဖြင့် ကမ်းလှမ်းခဲ့သေးကြောင်း သည်အင်ဒီပင်းဒင့်စ်၌ ဖော်ပြသည်။

လော့ပ်ရင်အား ခေါ်ယူရန် စပါးနှင့်လိုင်ယွန်ကြိုးပမ်း

စပါးအသင်းသည် အသက် ၂၀အရွယ်ရှိ ဒိုင်နမိုဇာဂရက် ခံစစ်မှူး ဒီဂျန်လော့ဗ်ရင်အား ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့်ခေါ်ယူရန် လိုင်ယွန်နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဘာစီလိုနာနှင့် ထပ်မံစာချုပ်ရေး ဂွါဒီယိုလာအချိန်ဆွဲနေ

ဘာစီလိုနာအသင်းက အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား စာချုပ်ခေါ်ယူနိုင်သည်အထိ နည်းပြ ဂွါဒီယိုလာက ဘာစီလိုနာအသင်းနှင့် နည်းပြ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရေးကို အချိန်ဆွဲနေကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

၂၀၀၉ ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုရ ဒရော့ဘာ

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

ကိတ်တောင်း ဇန်နဝါရီ ၉

၂၀၀၉ ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ ရွေးချယ်ခံရကြောင်း အာဖရိကဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီ ၉ရက်၌ သတင်းထုတ်ပြန်လိုက်ရာ ဒရော့ဘာပရိသတ်များ ပြုံးပန်းဝေသွားခဲ့ပြီဖြစ်သည်။

နှောင့်နှေး

လိပ်ခဲတည်းလည်းဖြစ်နေခဲ့သည့် ရွေးချယ်မှု၊ အပြိုင်အဆိုင်ဖြစ်နေခဲ့သော ယှဉ်ပြိုင်မှု၊ စွမ်းဆောင်မှု အရည်အချင်း မတိမ်းမယိမ်းရှိနေမှုများက အပြီးသတ်ရွေးချယ်မှုကို နှောင့်နှေးစေခဲ့သည်။ သို့သော် ၂၀၁၀ အာဖရိကဖလား ဘောလုံးပြိုင်ပွဲ စတင်ကျင်းပမည့် ဇန်နဝါရီ ၁၀ရက်နှင့် အချိန်ကိုက်ရွေးချယ်နိုင်ခဲ့သည်။

၂၀၀၉ ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုအတွက် ဒရော့ဘာ၊အီတူး၊ အက်ဆီယံ၊ ယာယာတိုရေးနှင့် မာဘီတို့ နောက်ဆုံးဆန်ခါတင်အမည်များ စာရင်းထွက် ပေါ်ခဲ့သည်။ ဘောလုံးသမားငါးဦးစလုံး စွမ်းဆောင်မှုက ကွာခြားမှုသိပ်မရှိ၊ အားလုံးကအစွမ်းထက်သူများဖြစ်သည်။ ဤဆုအတွက် ကမ္ဘာတစ်ဝန်းမှပရိသတ်များ၏ဆန္ဒကိုလည်း တောင်းခံခဲ့သည်။ ကမ္ဘာ့ပရိသတ်အများစုက ဒရော့ဘာကို ဆန္ဒပြုခဲ့ကြသည်။ ဒရော့ဘာ ၂၀၀၉ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့ပြီ။

ဒရော့ဘာကောက်ကြောင်း

အိုင်ဗရီကို့စ်နိုင်ငံ အဘိုင်ဂျန်မြို့၌ ၁၉၇၈ခုနှစ် မတ်လ ၁၁ရက်၌ ဒရော့ဘာကိုမွေးခဲ့သဖြင့် ယခုအသက် ၃၂နှစ်ပြည့်တော့မည်။ ငယ်စဉ်ကပင် ဘောလုံးကစားခြင်းကို အရူးအမူးဖြစ်ခဲ့သည်။ အချိန်ရှိသရွေ့ဘောလုံးကစားနေတတ်သူဖြစ်သည်။ ဒရော့ဘာ၏ ဘောလုံးစွမ်းရည်ကို သတိပြုခဲ့သဖြင့် ဦးလေးဖြစ်သူက ၁၉၈၈ခုနှစ်၌ ပြင်သစ်နိုင်ငံသို့ခေါ်ယူကာ သူနှင့်အတူ နေထိုင်စေခဲ့သည်။ ပြင်သစ်ကလပ်များဖြစ်သည့် ဒွန်ကတ်၊ အက်ဘီဗီလီ၊ လီဗာလိုရစ်နှင့် လီမန်စ်တို့၌ကစားခဲ့သည်။ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ပြင်သစ်ကလပ် Guingamp အသင်း၌ ကစားခဲ့ရာ ၂၆ပွဲကစားပြီး ၁၆ဂိုးသွင်းယူနိုင်ခဲ့ရာ နည်းပြတိုင်း မျက်စိကျစေခဲ့သည်။

ခေါ်ယူ

ဒရော့ဘာ ဂိုးသွင်းစွမ်းရည် ထက်မြက်မှုကြောင့် ပြင်သစ်ကလပ် မာဆေးက ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ ခေါ်ယူခဲ့သည်။ မာဆေးကလပ်အတွက် ဘောလုံးတစ်ရာသီအတွင်း ၄၃ပွဲကစားခဲ့ရာ ဂိုးပေါင်း၃၀ သွင်းယူပေးခဲ့သဖြင့် ကမ္ဘာ့ထိပ်တန်းကလပ် အသင်းများစိတ်ဝင်စားခဲ့ပြီး အလုအယက် ကမ်းလှမ်းခေါ်ယူခဲ့သည်။ ဘောလုံးသမားကောင်းများကိုခေါ်ယူရန် လက်မနှေးတတ်သည့် မော်ရင်ဟိုက ပြောင်းရွှေ့ကြေး ပေါင် ၂၄သန်းပေး၍ ချယ်လ်ဆီးသို့ ခေါ်ယူခဲ့သည်။ မောရင်ဟို၏ သွန်သင်မှုဖြင့် ဒရော့ဘာ ကမ္ဘာကျော်ခဲ့သည်။

တစ်ဖက်ဂိုးဧရိယာအတွင်း ခံစစ်မှူးများ ထိန်းချုပ်ရခက်နေသော ဒရော့ဘာ။

ဒရော့ဘာသည် တိုက်စစ်ဆင်ရာ၌ တစ်ဖက်နောက်တန်း ခံစစ်မှူးများကို အင်အားသုံးပြီး ရဲရဲဝံ့ဝံ့ ဖြတ်ကျော်နိုင်သည်။ တစ်ဖက်ဂိုးဧရိယာအတွင်း အကျပ်အတည်းကြားမှ လျှပ်တစ်ပြက် ဂိုးသွင်းနိုင်သည်။ ဂိုးရရှိရေးအတွက် တစ်ဖက်အသင်းနောက်တန်းကို တစ်ဟုန်ထိုးဖြတ်ကျော် ထိုးဖောက်ကာ အနေအထားမျိုးစုံဖြင့် ဂိုးသွင်းယူနိုင်သည်။ အင်အားသုံးမှု၊ လျင်မြန်မှု၊ ထက်မြက်ပါးနပ်မှု၊ ရဲဝံ့မှုနှင့် အဆုံးသတ်ဂိုးသွင်းသေချာမှုများက ဒရော့ဘာ၏ အရည်အချင်းများပင် · · · · ။

စွမ်းဆောင်မှု

၂၀၀၆ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ပထမအကြိမ် ဆွတ်ခူးရရှိထားသည်။ ချယ်လ်ဆီးကို ပရီမီယာလိဂ်ဖလား နှစ်ကြိမ်ရယူပေးနိုင်ခဲ့သည်။ မိခင် အိုင်ဗရီကို့စ်အသင်းကို ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများ၌ ယှဉ်ပြိုင်နိုင်ခွင့်ရရေး စွမ်းဆောင်ပေးထားသည်။ ယခုနှစ်ဘောလုံးရာသီ၌ ချယ်လ်ဆီးကို ပရီမီယာလိဂ် တန်းစီဇယားထိပ်ဆုံးသို့ ပို့ဆောင်ပေးထားပြီး ၁၈ပွဲ၌ ၁၄ဂိုး သွင်းယူပေးထားသဖြင့် ကိုယ်တိုင်လည်း ဂိုးအများဆုံးသွင်းယူထားသူအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေဆဲ · · · · ။

ချီးမွမ်းစကား

“ဒရော့ဘာဟာ အကောင်းဆုံးဘောလုံးသမားဖြစ်ဖို့ အမြဲတမ်းကြိုးစားနေသူပါပဲ။ ဘောလုံးပွဲတစ်ပွဲကစားတိုင်း ပြိုင်ပွဲအပေါ်မှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး စွမ်းအားအပြည့် ကစားတတ်သူဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ကစားတတ်တာဟာ ဒရော့ဘာရဲ့ ထူးခြားမှုပါပဲ။ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးရဲ့ စွမ်းရည်တွေ သူ့မှာရှိနေပါတယ်”ဟု ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ချီးမွမ်းစကားဆိုထားသည်။

၂၀၀၉ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ဒရော့ဘာအား ရွေးချယ်လိုက်ခြင်းနှင့် ပတ်သက်ပြီး “အိုင်ဗရီကို့စ်အသင်း အောင်မြင်ဖို့အတွက် ဦးဆောင်နေသူဟာ ဒရော့ဘာပါပဲ။ သူဟာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ သူပါဝင်ကစားတဲ့ ဘောလုံးပွဲတိုင်းမှာ ရရှိတဲ့ဂိုးတွေကို လေ့လာကြည့်ရင် ဒရော့ဘာနဲ့ကင်းတဲ့ ဂိုးဆိုတာ မရှိသလောက်ဖြစ်နေတာ တွေ့ရပါတယ်” ဟု အာဖရိကဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ထိပ်တန်းဘောလုံးကလပ်နည်းပြများက သုံးသပ်ထားသည်။

ထို့ကြောင့် ၂၀၀၉ခုနှစ် အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို ဒရော့ဘာက ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့ခြင်းပင် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ပက်ထရစ်ဗီအဲရာ မန်စီးတီးသို့ရောက်ပြီ

လန်ဒန် ဇန်နဝါရီ ၉

ပြင်သစ် ကွင်းလယ်ကစားသမား ပက်ထရစ်ဗီအဲရာအား အင်တာမီလန်အသင်းမှ မန်စီးတီးကခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၃၃နှစ်ရှိ ဗီအဲရာအား ဇန်နဝါရီ ၇ရက်က ဆေးစစ်ခဲ့ပြီးနောက် မန်စီးတီးက ခြောက်လစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လိုအပ်လျှင် မန်စီးတီးက နောက်ထပ်တစ်နှစ် စာချုပ်မည်ဟု ဆိုသည်။

ဆွတ်ခူးပေးခဲ့

ဗီအဲရာသည် နည်းပြမန်စီနီ ဒီဇင်ဘာလက မန်စီးတီးနည်းပြဖြစ်လာခဲ့ပြီးနောက် ပထမဆုံးချုပ်ဆိုသည့် ကစားသမားဖြစ်လာသည်။ ဗီအဲရာသည် သူ့ခေတ်သူ့အခါက နာမည်ကြီးကစားသမားတစ်ဦးဖြစ်ခဲ့ကြောင်း၊ မန်စီးတီးပရိသတ်များအတွက် ကျေနပ်မှုကိုရရှိစေလိမ့်မည်ဖြစ်ကြောင်း နည်းပြမန်စီနီက ပြောကြားသည်။ ဗီအဲရာသည်လက်ရှိ ပြင်သစ်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သည်။ သူသည် အာဆင်နယ်အသင်းတွင် ကိုးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၀၅ခုနှစ်က အာဆင်နယ်မှဂျူဗင်းတပ်စ်သို့ ပေါင် ၁၃ဒသမ ၇သန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။ ဂျူဗင်းတပ်စ်တွင် တစ်နှစ်သာကစားခဲ့ပြီး အင်တာမီလန်သို့ ပြောင်းရွှေ့ကစားခဲ့ရာ ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ခုနှစ်တို့၌ အီတလီစီးရီးအေဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။

(အင်တာနက်)

ဗဟိုခံစစ်မှူးဗီဒစ် ၁၀ရက်ကြာနားရမည်

လန်ဒန် ဇန်နဝါရီ ၉

မန်ယူနောက်တန်းကစားသမားဗီဒစ်သည် လိဒ်အသင်းနှင့် အက်ဖ်အေဖလား တတိယအကျော့ကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ၁၀ရက်ခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်ကပြောကြားသည်။

ပြောင်းရွှေ့လာ

ဆားဘီးယားလက်ရွေးစင် ဗီဒစ်သည် နောက်သီတင်းပတ်တွင် ဘန်လေနှင့်ကစားမည့်ပြိုင်ပွဲရောက်မှ ပါဝင်ကစားနိုင်တော့မည်ဖြစ်ကြောင်း၊ ၎င်းသည်ကမ္ဘာ့အကောင်းဆုံး ဗဟိုခံစစ်မှူးဖြစ်ပြီး ၂၀၀၅ခုနှစ် အကုန်က စပါးတပ်စ်မော်စကိုမှ မန်ယူသို့ ပေါင် ၇ဒသမ ၂သန်းဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နောက်တန်းလူဒေါ့စ်ဆင်နာ လီဗာပူးကိုကျောခိုင်းထွက်ခွာ

လန်ဒန် ဇန်နဝါရီ ၉

နောက်တန်းကစားသမား အင်ဒရီယာဒေါ့စ်ဆင်နာသည် လီဗာပူးမှထွက်ခွာပြီးနောက် စီးရီးအေကလပ် နာပိုလီနှင့်လေးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။ နာပိုလီကလပ်သည် စီးရီးအေအမှတ်ပေးဇယားတွင် နံပါတ်လေးနေရာသို့ ရောက်ရှိနေသော အသင်းဖြစ်သည်။ နာပိုလီကဒေါ့စ်ဆင်နာအား ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကုန်အထိ စာချုပ်လိုက်ခြင်းဖြစ်သည်။

ပြန်လည်ခြေချ

အသက် ၂၈နှစ်ရှိ ဒေါ့စ်ဆင်နာသည် ၂၀၀၈ခုနှစ်က ပေါင် ၇သန်းဖြင့် အူဒီးနိစ်မှ လီဗာပူးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လီဗာပူးအတွက်ပွဲပေါင်း၃၀ ပါဝင်ကစားခဲ့ရာ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒေါ့စ်ဆင်နာသည် ဘင်နီတက်ဇ်လက်အောက်တွင် ပုံမှန်ကစားခွင့်မရခဲ့သဖြင့် ဇာတိမြေအီတလီသို့ ပြန်လည်ခြေချခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ဘယ်လ်ဂျီယံ တင်းနစ်မယ်နှစ်ဦး ဘရစ္စဘိန်းမှာ ဆုံတွေ့ကြပြီ

ဘရစ္စဘိန်း ဇန်နဝါရီ ၉

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသော ဘရစ္စဘိန်းအင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ်များဖြစ်ကြသည့် ဂျပ်စတင်းဟေနင်နှင့် ကင်ကလစ္စတားတို့သည် ပြန်လည်ဆုံတွေ့ကြမည် ဖြစ်သည်။

တက်ရောက်နိုင်ခဲ့

ယင်းတို့နှစ်ဦးသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်းများ ဖြစ်ကြသည်။ ဟေနင်သည် ၂၀၀၈ခုနှစ် မေလနောက်ပိုင်း ယင်းပြိုင်ပွဲမှာ ပထမဆုံးပြိုင်ပွဲဖြစ်သည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် ဆားဘီးယား တင်းနစ်မယ်အား တစ်နာရီကျော်ကစားပြီးမှ ၆-၃၊ ၆-၂ ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။



မြင့်မောင်စိုး-စုစည်းသည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းနောင်မြို့နှင့် ကျေးသီးမြို့အတွင်း ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် မိုင်းနောင်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကိုပေးအပ်၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ညနေပိုင်းတွင် တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ တပ်နယ် မိသားစုဝင်များနှင့် တွေ့ဆုံပြီး သုတစုံ၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ကျေးသီးမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကိုပေးအပ်၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်လည်းကောင်း၊ တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် တပ်နယ် မိသားစုများကို လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ International News
၈း၃၅ ၁၀။ Crossroads Cafe (Episode-23) (The Gift)

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၆၂)
၁၂း၂၀ ၄။ Golf Magazine(TV)
၁၂း၄၅ ၅။ မြန်မာရုပ်ရှင် **လူဇော်** ကျော်ဟိန်း၊ ကောလိပ်ဂျင်နေဝင်း၊ ကြည်ကြည်ဌေး၊ ဆွေဇင်ထိုက်၊ တိုးတိုးလွင် (ဒါရိုက်တာ-ဇော်ထက်)

ညပိုင်း

၃း၄၅ ၁။ Myanmar National Leage MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **တစ်မျက်နှာတစ်ကွက်စာ သား၊ သမီး၊ သမက်၊ ချွေးမ** ခင်မို့မို့အေး၊ ဦးဝင်းမြင့်၊ သွေးသစ်၊ မိုးထက်ပိုင်၊ ဖြူသော်၊ အေးချမ်းမိုး ဒါရိုက်တာ-မေတင်(MMG)
၆း၄၅ ၆။ တေးဂီတအစီအစဉ်
၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၃)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်း
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆော မိသားစုစွန့်စားခန်း** (အပိုင်း-၇၆)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှေဦးကဗျာချစ်သံသာ** (အပိုင်း-၂၈)
၁၃။ ရုပ်သံကြိုယ်ပွင့်များ

နေပြည်တော် ဇန်နဝါရီ ၉

ယာဉ်အန္တရာယ်ကင်းဝေးစေရေး အထောက်အကူပြုသည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ ပြိုင်ပွဲ

သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံ - မြင့်သန်း (ပြန်/ဆက်) ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

မျက်မှောက်ခေတ်သည် တိုးတက်ပြောင်းလဲလာသောခေတ် ဖြစ်သည့်အလျောက် မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် သုံးစွဲမှု များပြားလာသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများလည်း များပြားလာလျက်ရှိပေသည်။

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စသော ယာဉ်များသည် စည်းကမ်းတကျမောင်းနှင် အသုံးပြုမည်ဆိုလျှင် လိုရာခရီးသို့ လွယ်ကူချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်သော်လည်း စည်းကမ်းမဲ့စွာ မောင်းနှင်ခဲ့မိ၍ ထိခိုက်၊ သေကျေမှုများ ဖြစ်ပွားလျက်ရှိသည်ကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ ပြိုင်ပွဲ သတင်းမှတ်တမ်းဓာတ်ပုံများက သက်သေပြနေသည်။

စတုတ္ထနေ့

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ ၉ရက် နံနက်က စတုတ္ထနေ့အဖြစ် နေပြည်တော်ပျဉ်းမနားမြို့ အောင်မင်္ဂလာကားကွင်း၌ ကျင်းပခဲ့ရာ မြန်မာ့အလင်း သတင်းခရီးသည်တို့အနေဖြင့် ပြည်သူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သတိမူရေး စေ့ငုတင်ပြနိုင်ရန် သွားရောက်ခဲ့သည်။

လေ့လာ

ပြပွဲသို့ ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် အခြေခံပညာကျောင်းများမှ လာရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လေ့လာကြသည့် အဖြူအစိမ်းနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်အတူ တစ်ခဲနက် လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

လိုက်နာဖွယ်

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းတပ်ဖွဲ့၏ ပညာပေးပြခန်း၌ ယာဉ်မတော်တဆမှု ဖြစ်ပွားသည့် သတင်းမှတ်တမ်းများကို တွေ့ရသည်။ ထိုပြခန်းကို ဝင်လိုက်သည်နှင့် မြင်တွေ့ခဲ့ရသည့် မှတ်တမ်းဓာတ်ပုံများကြောင့် ပြပွဲလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အုံ့သြခြင်းများစွာဖြင့် ငေးမောကြည့်ကြသည်။ ထိုမှတစ်ဆင့် သတိ သံဝေဂ ရစရာ ....။ သတိမူစရာ ....။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဖွယ်ရာများအဖြစ် ဆက်၍....၊ ဆက်၍....။

ချိတ်ဆွဲပြသ

ထိုမှတစ်ဖန် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြခန်းအတွင်းသို့ ဝင်ရောက်လေ့လာခဲ့သည်။ အခြေခံပညာ ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကွန်ပျူတာ အသုံးပြုလျက် ဉာဏ်စမ်းပဟေဠိ ဖြေဆိုနေကြသည်ကို တွေ့ရသည်။ ပြခန်းအတွင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်ပြီး သတိပြုလိုက်နာရန် အချက်များ ချိတ်ဆွဲပြသထားရာ ဆိုင်ကယ်စီးသူများအတွက် ဤသို့ ရေးသားဖော်ပြထားသည်။

ဆိုင်ကယ်ဦးထုပ်

"အရည်အသွေး ကောင်းမွန်သော ဆိုင်ကယ်ဦးထုပ်ကို ဆောင်းရာတွင် မေးသိုင်းကြိုး မြဲမြံစွာတပ်ဆင်၍ ဆောင်းရမည်။ ယာဉ်ထိန်းရဲရှိသော နေရာသည် ဥပဒေကို လေးစားလိုက်နာရန် ကြီးကြပ်ကွပ်ကဲသည့် နေရာဖြစ်သဖြင့် မတော်တဆထိခိုက်မှု လွန်စွာနည်းပါးသည်။ အန္တရာယ်ကို အမှန်တကယ် ကာကွယ်ပေးနိုင်သည်မှာ ဆိုင်ကယ်ဦးထုပ်သာ ဖြစ်ပါသည်။ ယာဉ်ထိန်းရဲရှိသည့် နေရာ၌သာ ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး အခြားနေရာတွင် ဆိုင်ကယ်ဦးထုပ် မဆောင်းခြင်းမှာ မိုက်မဲမှုသာ ဖြစ်ပါသည်"။

အမှား

ဤပြခန်းအတွင်း၌ မော်တော်ယာဉ်မောင်းနှင်သူ၊ ယာဉ်မောင်းများ ယာဉ်နောက် အချက်ပြမီးနှင့် ပတ်သက်၍ သတိပြုရမည့် အချက်ကိုလည်း ဤသို့ ရေးသားထားသည်။

မော်တော်ကားနောက် အချက်ပြမီး ဘယ်ဘက်အချက်ပြလျှင် ဘယ်ဘက်ကို ကွေ့မည်။ ဘယ်ဘက်ယာဉ်ကြောသို့ ပြောင်းမည်။ ညာဘက်မီးအချက်ပြမီး အချက်ပြလျှင် ညာဘက်သို့ကွေ့မည်။ ညာဘက်တွင် ကပ်ရပ်ရမည်။ သို့မဟုတ် ကျော်တက်နိုင်ကြောင်း ညာဘက်အချက်ပြမီး အချက်ပြခြင်းဖြင့် သိနိုင်သည်။ သို့သော်လည်း ဘယ်ဘက်အချက်ပြမီး အချက်ပြလျှင် ကျော်တက်နိုင်ကြောင်း ပြသည်ဟု မှားယွင်းစွာ နားလည်ထားခြင်းကြောင့် ရှေ့မော်တော်ယာဉ်က ဘယ်ဘက်အကွေ့၊ နောက်မော်တော်ယာဉ်က ကျော်တက်မိသဖြင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေကြောင်း ဖော်ပြထားသည်။ ညာဘက်အချက်ပြမီး အချက်ပြမှသာလျှင် နောက်ယာဉ်က ရှေ့ကယာဉ်ကို ကျော်တက်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြခန်းကို လေ့လာခဲ့ရာ ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ရေးဖြေနှင့် နှုတ်ဖြေ ပြိုင်ပွဲများ အဆက်မပြတ် ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။ မော်တော်ယာဉ်မောင်းများ မော်တော်ယာဉ်များကို စည်းကမ်းတကျ မောင်းနှင်ရမည် ဖြစ်သကဲ့သို့ လမ်းလျှောက်သူ၊ လမ်းဖြတ်ကူးသူများအနေဖြင့်လည်း သိရှိ သတိပြုလိုက်နာရန်မှာ အရေးကြီးလှသည်။ သို့မှသာ ယာဉ်အန္တရာယ် ကင်းဝေးမည် ဖြစ်သည်။

များစွာအထောက်အကူပြု

သို့ဖြစ်၍ တတိယအကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲသည် ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် များစွာ အထောက်အကူပြုသည့် ပြပွဲ ပြိုင်ပွဲကြီးတစ်ရပ် ဖြစ်ပါကြောင်း စေ့ငု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြခန်းတွင် ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကွန်ပျူတာဖြင့် ဉာဏ်စမ်းပဟေဠိ ဖြေဆိုနေမှု....။ (မြန်မာ့အလင်း)

ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်မတော်တဆမှု မှတ်တမ်းဓာတ်ပုံများ ပြခန်း၌ ပြည်သူများ စိတ်ဝင်တစား ဤသို့ ကြည့်ရှုလေ့လာနေသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ် ပရီမီယာလိဂ်သတင်း

နှင်းမှုန်ကြားမှာ အာကြီးတို့ သရေကျ

လန်ဒန် ဇန်နဝါရီ ၉

ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၉ရက်နှင့် ၁၀ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သော်လည်း အာဆင်နယ်နှင့် အဲဗာတန်၊ ဘာမင်ဂမ်နှင့် မန်ယူတို့ပွဲစဉ်များသာ ယှဉ်ပြိုင်ကစားခဲ့သည်။ ကျန်သည့်ပွဲစဉ်များမှာ ဗြိတိန်နိုင်ငံတစ်ဝန်း ဆီးနှင်းများ ထူထပ်စွာကျဆင်းကာ ဘောလုံးကွင်းများ ဆီးနှင်းဖုံးလွှမ်းနေသဖြင့် ယှဉ်ပြိုင်မှုများ ရွှေ့ဆိုင်းခဲ့ရသည်။

အာဆင်နယ်နှင့် အဲဗာတန်

တန်းစီဇယား ထိပ်ဆုံးနေရာမှ ချယ်လ်ဆီးကိုဖိအားပေးရန် အိမ်ကွင်း၌ အာဆင်နယ်တို့ ခြေကုန်ထုတ် ကစားခဲ့သည်။ အာရှာဗင်ကို တိုက်စစ်မြားဦးထားပြီး အက်ဂွါဒို၊ နာဆရီနှင့် ဒီယာဘိုင်တို့ ပိုင်းရံကာ အဲဗာတန်ကို အနိုင်ရရေး ကြိုးစားခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့ချေ။ ဧည့်သည်အဲဗာတန်တို့က ၁၂မိနစ်၌ ကွင်းလယ်ကစားသမား အိုစမန်က အဖွင့်ဂိုးသွင်းယူလိုက်သဖြင့် အာဆင်နယ်တို့ အငိုက်မိသွားခဲ့သည်။

သို့သော် အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားရာ ၂၈မိနစ်၌ ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်က အက်ဂွါဒို ပေးလိုက်သည့် ဘောလုံးကို ဂိုးရေိယာအစပ်မှ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန်အတွင်း အဲဗာတန်တို့ ဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ရာ ၈၀မိနစ်၌ တင်ကာဟေး ပေးလိုက်သည့် ဘောလုံးကို ပီနာရာက ဂိုးရေိယာ အပြင်ဘက်မှ ကန်သွင်းယူခဲ့သဖြင့် အဲဗာတန်တို့ ဒုတိယဂိုး ရရှိခဲ့သည်။ သို့သော် အာဆင်နယ်တို့ ချေပဂိုးရရှိရေး ဖိကစားခဲ့ရာမှ မိနစ် ၉၀တွင် ဒီရာဘိုင် ပေးလိုက်သည့် ဘောလုံးကို ဂိုးရေိယာအတွင်းမှ ရိုဆစ်စကီးက ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။

ရွှေ့ဆိုင်း

အာဆင်နယ်အသင်းသည် ဇန်နဝါရီ ၆ရက်က ယှဉ်ပြိုင်ရမည့် ဘော်လ်တန်နှင့်ပွဲကို ကစားရန် ကျန်ရှိနေသည်။ ရာသီဥတု ဆိုးရွားမှုကြောင့် ရွှေ့ဆိုင်းရသည့်ပွဲများမှာ ဘန်လေနှင့် စတုတ်၊ ဖူလ်ဟမ်နှင့် ပို့စ်မောက်၊ ဟူးလ်နှင့် ချယ်လ်ဆီး၊ ဆန်းဒါးလန်းနှင့် ဘော်လ်တန်၊ ဝီဂန်နှင့် ဗီလာတို့ ပွဲစဉ်များဖြစ်သည်။ ။ **အင်တာနက်**

မောင်ချစ်ကြည် ရေးသားသည်

နဂါးရွှေဝါ ရတနာရွှေဆိုင်

နှစ်သစ်အခါသမယမှာ ... နဂါးရွှေဝါ ရတနာရွှေဆိုင်မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ... **"စံချိန်ပြည့်သော ရွှေရည်၊ ကောင်းမွန်သောလက်ရာ၊ ချိုသာသော အရောင်းဝန်ဆောင်မှု"** တို့ဖြင့် ရောင်းချပေးလျက်ရှိပါသည်။

နှစ်သစ်အထူးအစီအစဉ်အဖြစ် နဂါးရွှေဝါမှ ...

ရွှေရည်သုံးချိုးတင်တိုင်း ...

ရွှေရည်တစ်ချိုးတင်တိုင်း ...

အမှတ်(၇၈၁)၊ မဟာဗန္ဓုလလမ်းမကြီး၊ (၁၃လမ်းနှင့်၁၄လမ်းထိပ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၄၅၁၇ ၊ ၂၂၆၂၃၀ ၊ ၀၉-၅၁၁၁၁၆၂

မင်္ဂလာဆွမ်းခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ခြံအမှတ်(B-37)၊ ရွှေကိန္နရီအိမ်ရာနေ
ဦးချစ်မောင်(Director Momentum Trading Company Ltd.)-ဒေါ်အမာခင်တို့၏သားကြီး

မောင်ဇင်လင်းထွန်း

B.A(English)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၆)နေ
ဦးခင်ဇော်-ဒေါ်စန်းစန်းဝေတို့၏သမီးကြီး

ဒေါက်တာမေမြတ်ဇော်

M.B.,B.S(Ygn),S.S.C Women's Centre

တို့၏ ၉-၁-၂၀၁၀ရက်(စနေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဆွမ်းခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့်ဇနီးဒေါ်ချိုချိုစမ်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးမြင့်ထွန်း(ဒါရိုက်တာ Wood World)၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ဆုရည်ဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မခင်သီတာဇင်၊ ဒေါက်တာအိအိအောင်နှင့် သတို့သားအရံများဖြစ်သော မောင်မင်းဟိန်းခန့်၊ ဒေါက်တာပြည့်ဖြိုးကျော်၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာနှင်းသီတာအောင်၊ ဒေါက်တာသဇင်သက်ဝင်း၊ မိတ်ကပ်အလှဆင်ပေးသော ကိုခင်ဝင်း (ကြည့်မြင်တိုင်)နှင့် မင်္ဂလာလက်ကိုင်ပန်းစီစဉ်ပေးသော ကိုမြသန့်၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော ကိုတွတ်(လှကမ္ဘာ-ဗိုလ်ချုပ်ဈေး)၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးသော Diamond Sea Gem & Jewelley (ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုမိုးကိုဦးနှင့်အဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ M3 Restaurant(Wedding Hall) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇင်လင်းထွန်း-ဒေါက်တာမေမြတ်ဇော်။

မင်္ဂလာဦး ဆုတောင်းလွှာ

ကိုဇင်လင်းထွန်းနှင့် ဒေါက်တာမေမြတ်ဇော် တို့၏ ၉-၁-၂၀၁၀ ရက်တွင်ကျရောက်သော မင်္ဂလာဦးရက်မြတ်မှစ၍ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အတူလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘွားလေး - ဒေါ်မြင့်မြင့်
ဦးဦးနှင့်အန်တီများ - ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်ခင်မမကျော်၊ ဦးဇာနည်ကျော် **(Uniteam Marine Co.,Ltd.)**-ဒေါ်အေမီကျော်
ဒေါ်ဥမ္မာကျော် (ဒုတိယညွှန်ကြားရေးမှူး၊ ငွေစာရင်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
ညီမလေးများ - ခင်သီတာဇင်၊ စုသစ္စာဇင်၊ မြတ်သဒ္ဒါကျော်။

မင်္ဂလာဦး ဆုတောင်းလွှာ

ကိုဇင်လင်းထွန်းနှင့် ဒေါက်တာမေမြတ်ဇော် တို့၏ ၉-၁-၂၀၁၀ ရက်တွင်ကျရောက်သော မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝကိုအတူလက်တွဲနိုင်ပါစေလို့ ဆုတောင်းလျက်....

ဦးဦး - ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း-ဒေါ်ခင်မမအောင်
အန်တီ - ဦးဇော်ဝင်းနိုင်- ဒေါ်ခင်သီတာဆွေ (လဝက)နေပြည်တော်
တူ၊တူမများ - မင်းဟိန်းခန့်၊ ဝေယံဘုန်းပြည့်၊ အေမီဇော်၊ အေးမြတ်ဇော်၊ ကေသီဇော်။

အမည် ပြောင်း ဦးညွန့်လှိုင်-ဒေါ်ရီရီမြင့်တို့၏သမီး မရွှေစင်သန့် ၁၂/ဒဂတ(နိုင်) ၀၃၃၅၇၄အား မရွှေဇင်သန့်ဟု ပြောင်းလဲခေါ်ရန်။

မင်္ဂလာဆွမ်းခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးသန်းဌေးထွန်း)-ဒေါ်မေတို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးဝမ်းထွန်း

B.A (Geo), D.S.A

နှင့်

ရန်ကုန်မြို့နေ (ဦးမြင့်ကြည်)-ဒေါ်မြင့်မြင့်သန်းတို့၏ သမီးကြီး

မစန္ဒီမြင့်

B.Sc(Physics)
Diploma in Business Administration (DBA)
ACCA, Part II

တို့၏ ၉-၁-၂၀၁၀ရက်တွင် မင်းကွန်းတိပိဋကနိကာယ(ရွှေရတုခန်းမ)၌ကျင်းပသော မင်္ဂလာဆွမ်းခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဆွမ်းခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဝမ်းထွန်း-မစန္ဒီမြင့်။

ဥက္ကံမြို့မ လူမှုရေးအသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ဥက္ကံမြို့မ လူမှုရေးအသင်း (ရန်ကုန်မြို့)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မြေနီကုန်းပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် သားသမီးများ၊ အသက်(၈၀)နှင့် အထက် အသင်းဝင်များသည် အသင်းဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း-၅၂၆၅၆၆၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇တို့သို့ ကြိုတင် ဆက်သွယ်ကြရန်နှင့် အသင်းဝင်များ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Male Inmie Regional Development Co., Ltd.၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း 658/94-95 (၂၇-၉-၁၉၉၄)နှင့် ထ-သ-ကမူရင်း (ကတ်) 9200 (၁၇-၆-၁၉၉၈)မှာ ကုမ္ပဏီလုပ်ငန်းများ လုပ်ကိုင်နေစဉ် မရမ်းကုန်းမြို့နယ် အတွင်း ပျောက်ဆုံး သွားပါ၍ တွေ့ရှိပါက အကြောင်းကြား ပေးပို့ပေးပါရန်။ **ဖုန်း-၆၆၅၃၉၁။**

မင်္ဂလာဦး ဆုတောင်းလွှာ

ကိုဇင်လင်းထွန်းနှင့် ဒေါက်တာမေမြတ်ဇော် တို့၏ ၉-၁-၂၀၁၀ ရက်တွင်ကျရောက်သော မင်္ဂလာဦးရက်မြတ်မှသည် သက်ဆုံးတိုင်နားလည်မှုများစွာဖြင့် အေးချမ်းပျော်ရွှင်သော ဘဝကိုပိုင်ဆိုင်နိုင်ပါစေကြောင်း ဆန္ဒပြုလျက်....

ညီမလေး - ခိုင်ဆုရည်ဇော် **(YUFL)**
မောင်လေး - မင်းသန့်ဇော်။

KMD Computer Centre

3D Artist & 3D Animator

3D Arts and Animations Introduction Course

3D Arts Design ... 3D Animation

Latest Version, New Course

Limited Student's Number, Enroll Now!

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၁၉)၊ မဏ္ဍိုင်လမ်းနေ
ဦးဖေမြင့်(3/E Hub Shipping Management)-ဒေါ်စိုးတင့်တို့၏သားကြီး

မောင်အောင်ရန်လင်း

B.E (Electrical), M.O.T Second Class Part(A)

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၇)၊ ၆၂လမ်းနေ
ဦးသိန်းမြင့်(ရန်ကုန်တိုင်းတွဲဖက်တိုင်းတရားသူကြီး၊ငြိမ်း၊တရားရုံးချုပ်ရှေ့နေ)-ဒေါ်မိုးမိုးသူတို့၏ သမီးကြီး

မအေးသူဇာသိန်း

M.E (Electrical) Specialist Diploma in M&E Coordinator(Semester II)
BCA Academy, S'pore, Chip Eng Seng Contractors(1988) Pte Ltd.
Singapore

တို့သည် ၄-၁-၂၀၁၀ရက်တွင် Summit Park View Hotel ၌ နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ရန်လင်း-မအေးသူဇာသိန်း။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၈ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ကလော အထက(၁) နှစ်(၅၀)ပြည့် ရွှေရတုဆိုင်းဘုတ်စိုက်ထူ

ကလော ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ဆိုင်းဘုတ်စိုက်ထူပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီက ကျောင်းရှေ့၌စိုက်ထူကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမမျိုး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျင်းပရေးကော်မတီဝင်များ တက်ရောက်ကြသည်။

နှိုးဆော်ထား

ကန်တော့ခံ အသက်(၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများသည် မိမိတို့၏နေရပ်လိပ်စာများကို ဖုန်း-၀၈၁-၅၀၁၃၁သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၀၂၄)

အထက(၅) ပုသိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ပုသိမ် ဇန်နဝါရီ ၉

အထက(၅)ပုသိမ်(ယခင်ကိုသာဖြူ)၌ ၁၉၅၉ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ပေးခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၃နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများတက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဒေါက်တာအိုင်ဘင် ဖုန်း-၀၁-၆၆၃၂၂၁၊ ဦးစောဂျိမ်း ဖုန်း-၀၉-၈၅၅၀၄၀၃၊ ဦးစောဖရန်စစ် ဖုန်း-၀၉-၅၂၀၂၂၅၀၊ ဦးသက်လွင် ဖုန်း-၀၄၂-၂၃၀၇၉၊ ဦးဝင်းနွယ် (နေဝန်းနီ)ဖုန်း-၀၉-၅၂၀၀၅၃၅၊ ၀၄၂-၂၄၁၉၁၊ ဦးတင်အောင်ထွန်း(နေလ)ဖုန်း-၀၉-၅၂၀၀၈၈၆၊ ဒေါ်စိန်ရီ(ကထိက၊ သချာင်္ဌာန၊ ပုသိမ် တက္ကသိုလ်) ဖုန်း-၀၉-၈၅၆၈၅၅၂နှင့် ဒေါ်မဲမရီ ဖုန်း-၀၉-၈၅၅၀၅၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၅၇)

ဇန်နဝါရီ၄ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကျင်းပရာ သုံးမြွာပူးမွေးဖွားသောမိခင်အား မြို့နယ်ဥက္ကဋ္ဌဦးကိုကိုလှိုင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တွံတေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

တွံတေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီတွင် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ခမ္မာရုံကြီး (ဗိုလ်တထောင်စေတီတော်ရင်ပြင်၊ ဆိပ်ကမ်းမြို့နယ်)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် အသင်း၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းလိုသူများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းသားများနှင့် အသင်းသားများ၏မိဘများ၊ အသင်းသားများ၏ သားသမီးများမှ ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ နိုင်ငံတော်အဆင့်စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများအား ဆုချီးမြှင့်နိုင်ရန် အမည်စာရင်းကို ဇန်နဝါရီ၂၃ရက် နောက်ဆုံးထား၍ ဒေါ်သင်းသင်း ဖုန်း-၅၆၅၈၈၁၊ ဦးကျော်မြင့် ဖုန်း-၅၃၄၁၁၃၊ ဦးလှသိန်း ဖုန်း-၅၇၈၆၇၁၊ ဦးမောင်မောင်အေး ဖုန်း-၃၈၄၂၇၀၊ ၀၉-၅၀၈၄၉၁၁၊ ဒေါ်ကျင်ကျင် ဖုန်း-၃၉၆၃၃၀နှင့် နီးစပ်ရာ အမှုဆောင်များထံ သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥတုရာသီ တောကိုမှီ၏

ရေနံချောင်းမြို့နယ် သုတဉာဏ်ရောင် စာကြည့်တိုက်ပန္နက်တင်

ရေနံချောင်း ဇန်နဝါရီ ၅

ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု ယင်းမချောင်းကျေးရွာ သုတဉာဏ်ရောင်စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက် ၁၁နာရီခွဲက စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့် တာဝန်ရှိသူများက သုတဉာဏ်ရောင် စာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု မြောက်ဦး အထကကျောင်းဖြတ်လမ်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အထကကျောင်း ဖြတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၁၁၅၀၊ အကျယ်၁၂ပေရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(၁၁၃)**

ဇန်နဝါရီ၆ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှသူနာပြုများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်လျက် ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ပိုးလောက်လမ်း နှိမ်နင်းရှင်းလင်းခြင်း(ဖုံး၊သွန်၊လဲ၊စစ်)လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်စဉ်။ (၁၁၁)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ ပင်လောင်းမြို့၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၉)သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံး ရပ်/သံခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမေနီတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမဆုကို ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီက လည်းကောင်း၊ ဒုတိယဆုကို ခရိုင်ဦးစီးအရာရှိဒေါ်မေလွင်ကလည်းကောင်း၊တတိယဆုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲတို့က ချီးမြှင့်ကြပြီး နှစ်သိမ့်ဆုများကို တာဝန်ရှိသူအသီးသီးက ဆုချီးမြှင့်ကြသည်။

ပေးအပ်

ဆက်လက်၍ သင်တန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရေးရည်တည်တံ့ခိုင်မြဲရေးခေါင်းစဉ်ဖြင့် အုပ်စုလိုက်ရေးသားပြုစုသည့် စာတမ်းအကောင်းဆုံးဆုရအဖွဲ့(၂)မှ သင်တန်းသူ ဒေါ်မာလာအေးက ဖတ်ကြားပြီး ဂုဏ်ပြုဆုနှင့် သင်တန်းသားများကိုယ်စား သင်တန်းသား ခေါင်းဆောင် တပ်ကြပ် အောင်လင်းထွန်းအား သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ပင်လောင်းမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် စာအုပ်၊ စာစောင်များကို ပြည်နယ်ဦးစီးမှူး ဒေါ်မေမေနီနှင့် စေတနာရှင်များကလှူဒါန်းရာ ကျေးရွာကိုယ်စား မြို့နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက လက်ခံယူကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကျန်းမာသန်ထွား ဉာဏ်မြင့်မား အိုင်အိုဒင်းဆား နေ့တိုင်းစား

လူတိုင်းကျန်းမာကြံ့ခိုင်၍ကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရန် မိသားစုတိုင်း အသက်အရွယ်မရွေး၊ နေရာဒေသမရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးဖို့လိုပါသည်။

ပင်လယ်ထွက်အစားအစာများတွင် အိုင်အိုဒင်းပါဝင်သော်လည်း ခန္ဓာကိုယ်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လောက်အောင်မများပြားပါ။ အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးမှသာ အိုင်အိုဒင်းကို လုံလောက်အောင်ရရှိနိုင်ပါသည်။

အိုင်အိုဒင်းချို့တဲ့ပါက

ကိုယ်ဝန်ဆောင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ဆွံ့အနားမကြားသောကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးဖွားခြင်း၊ မွေးဖွားလာသောကလေး ဉာဏ်ရည်နိမ့်ခြင်းတို့ ဖြစ်တတ်သည်။

ကလေးများသည် ပညာသင်၍မရအောင် ဉာဏ်ရည်နိမ့်ခြင်း၊ အဆင့်မြင့်ပညာများ သင်ယူနိုင်လောက်အောင် ဉာဏ်ရည်မထက်မြက်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ပုညက်ခြင်းတို့ ဖြစ်တတ်သည်။

လူကြီးများသည် လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ မိသားစုစီးပွားရေး၊ ပညာရေး၊ လူမှုရေးအဆင့်အတန်း နိမ့်ကျခြင်းတို့ ဖြစ်တတ်သည်။

အိုင်အိုဒင်းချို့တဲ့မှုမှကာကွယ်ရန်

နေရာဒေသမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဇန်နဝါရီ ၆ရက်က ရန်ကုန်မြို့ ရွှေနှင်းဆီလမ်းနေ ဦးထွန်းဦး-ဒေါ်ခင်သိန်း မိသားစုက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကြာဆံချက် အာဟာရတိုက်ကျွေးစဉ်။ (ပညာရေး)

ဇန်နဝါရီ ၄ရက်က သဃ်္န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲ အမျိုးသားတာဝေးပြေးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်လင်း ဆုချီးမြှင့်စဉ်။ (၄၀၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

∗ VOA, BBC - ရန်တိုက်ပေးနေသည်။
∗ RFA, DVB - သွေးထိုးနေသည်။
∗ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
∗ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Cyclone Shelter အတွင်း ပညာသင်ကြားနေမှုကြည့်ရှု

စပါးသီးနှံအပြင် ပဲသီးနှံကိုစိုက်ပျိုး၍ ဝင်ငွေတိုးတက်ရေး စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်ဆောင်ရွက် ဖောက်လုပ်ပေးထားသည့်လမ်းများ ရာသီမရွေးအသုံးပြုနိုင်ရန် အမြဲမပြတ် စစ်ဆေးပြုပြင်ရေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ နံနက် ၈နာရီ ၁၅မိနစ်တွင် ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

10-1 (20).pmd 1 1/10/2010, 2:06 AM